# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၃၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွတ်၊ အာမက်နီဂျက်ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မလေးရှားနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ရှာဟာရူဒင် ဘင် မိုဟာမက်ဆွမ်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## တိုင်းရင်းသားလူမျိုးအားလုံး ညီညီညာညာ လက်တွဲကြိုးပမ်း

“ညီညာမှ ပြည်သာမည်”ဆိုသည့် မြန်မာ့ဆိုရိုးစကား တစ်ရပ် ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုး တက် သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားလူမျိုးအားလုံး ညီညီညာညာ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြဖို့ လိုသည်။ အလားတူပင် “စည်းလုံး ခြင်းသည် အင်အား” ဆိုသည့် စကားနှင့်အညီ အရာရာကို စွမ်းဆောင်နိုင်သည့် အင်အား ရှိစေရေးအတွက် စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၃၅)
သင်တန်းဆင်းပွဲ သြဝါဒမိန့်ခွန်းမှ–

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှာဟာရူဒင် ဘင် မိုဟာမက်ဆွမ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ပွဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

# ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအောင်ကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇) သင်တန်းသား သင်တန်းသူများအား သြဝါဒစကား မြွက်ကြားရာတွင်-

**"မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွပေါင်းစုနေထိုင်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်ကြောင်း၊ ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်ကြောင်း"**

မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ တိုင်းရင်းသားအားလုံးသည် **"ပြည်ထောင်စု စိတ်ဓာတ်"**ဖြစ်သော တလုံးတစည်း တညီတညွတ်တည်း နေထိုင်သွားမည်ဟူသည့် စိတ်ဓာတ်၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမည်ဟူသည့်စိတ်ဓာတ်၊ အခက်အခဲ အကျပ်အတည်း ပေါ်ပေါက်ခဲ့လျှင် ကူညီဖြေရှင်းမည်ဟူသည့် စိတ်ဓာတ်၊ အန္တရာယ်ကျရောက်ခဲ့လျှင် အကာအကွယ်ပေးမည်ဟူသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကြိုးပမ်းကြမည်ဟူသည့်စိတ်ဓာတ်များဖြင့် ပြည်ထောင်စုကြီးကို ပူးပေါင်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ စုစည်းတည်ဆောက်နိုင်ခဲ့သဖြင့် ခရစ်နှစ် ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်၊ ခရစ်နှစ် ၁၅၅၁ ခုနှစ် ဘုရင့်နောင်လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်နှင့် ခရစ်နှစ် ၁၇၅၂ခုနှစ် အလောင်းဘုရား ဦးအောင်ဇေယျလက်ထက်တွင် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အာရှဒေသတစ်ခွင်၌ ထင်ရှားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစားမှုကို ရရှိခဲ့သည်။

ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုခံခဲ့ရ၍ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသဖြင့် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက် ကျွန်သပေါက်ဘဝကို နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြေ၌ ပြည်မတောင်တန်း မခွဲခြားဘဲ အတူတကွ လွတ်လပ်ရေးရယူကြမည်ဟူသည့် ခိုင်မြဲသည့်သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အတွက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ်ကို ပြန်လည်ရရှိခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်တွင် လူမျိုးရေးပဋိပက္ခဖြစ်အောင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သပ်လျှိုသွေးခွဲမှု၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူဆန့်ကျင်မှုအန္တရာယ်သည် လွန်စွာကြီးမားပြင်းထန်ခဲ့သည်။

တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ရသည့်အချိန်တွင် **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"**ဟူသည့် ပြည်ထောင်စုနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သော့ချက်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်းကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမည့်လုပ်ရပ်မှန်သမျှကိုလည်း ဆန့်ကျင်ကာကွယ်တားဆီးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ၏ အမေအတွက် ရွှေလက်ဆောင် စာစဉ်မှ အမေနှင့် ထမင်းချိုးလေးတစ်ချပ် ရုပ်ပြစာအုပ်ထွက်ရှိခြင်း အမှတ်တရ အဖြစ် ကျပ်တစ်သိန်းဖိုးတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ရက်က မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် အောင်မေတ္တာလမ်း အမှတ်၂၇၃ ကျင်းပရာ အလှူရှင်ကိုသက်အောင်-မဥမ္မာနိုင်၊ သမီးအိမ့်သက်မှူး၊ ညီမ မနီလာစန်မိသားစုက ကိုးဘွဲ့ရဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

# သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်း တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် စစ်ဆေး၊ရထားလမ်းနှင့်ဘူတာရုံဆောက်လုပ်မှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၆ရက် မွန်းလွဲ ၁နာရီက သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးမျိုးဝင်းနှင့် မော်လမြိုင်ဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးတင့်လွင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်း၊ မြန်မာ့မီးရထားအင်ဂျင်နီယာ ဦးဇော်မင်းဦးက မီးရထားသံလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဘူတာရုံ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။**

တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက်ခြမ်းမှ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင်တံတား (မော်လမြိုင်) မော်လမြိုင်ဘက်ခြမ်းရှိ ကျိုက်ဖနဲရပ်ကွက်တွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ မီးရထားသံလမ်းကမ်းကပ်ခုံ၊ ချဉ်းကပ်ရထားသံလမ်းနှင့် ရထားသံလမ်း ဖောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်ဘူတာရုံသို့ သွားရောက်၍ အမိုးများတပ်ဆင်ထားရှိမှု၊ ကျောက်ပြားများခင်းခြင်းနှင့် ပလက်ဖောင်းများ ပြုလုပ်ဆောင်ရွက်ထားရှိမှု၊ သံလမ်းဖောက်လုပ်ပြီးစီးမှုများ၊ ဘူတာရုံတည်ဆောက်ပြီးစီးမှု၊ ခရီးသည်များ နားနေသည့်နေရာများ၊ ဘူတာအဝင်လမ်း၊ လမ်းလယ်ကျွန်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

**ဖေဖော်ဝါရီ၇ရက်က ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) အလယ်တန်းကျောင်း စာသင်ခန်းမ၌ ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦး ဟောပြောစဉ်။**

(မြို့နယ် ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြား

၁၁-၂-၂၀၀၆

(စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"ဇာတိ ဇရာ မရဏ"** (ဒုက္ခသစ္စာကိုမြင်အောင်ရှုရန်)

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ မေးမြန်းစူးစမ်း
၁၂း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၀၁း၀၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"စံပြုထိုက်သူ"** (အပိုင်း-၁)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ English Premier League ဘောလုံးပွဲအစီအစဉ် Middlesbrough Vs Chelsea

# ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဖေဖော်ဝါရီ ၁၀ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရှာဟာရူဒင် ဘင် မိုဟာမက်ဆွမ်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိသည်များကိုလည်းကောင်း၊ ညစာစားပွဲတွင် တင်ဆက်ကပြမည့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညပိုင်းတွင် သမ္မတအိမ်တော်ဝင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## ၂၀၀၆ ခုနှစ် ( ၅၉ )နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

**နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆**
**အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ**
**နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း ၊ရန်ကုန်မြို့။**
**( မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။ )**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟို**ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် တင်ဆက်မည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် စည်းရုံးရေးအခြေခံသင်တန်းဆင်းပွဲ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော စည်းရုံးရေးအခြေခံသင်တန်း အမှတ်စဉ် (၂၄/၂၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာဝိဇယစေတီတော် ရွှေပြည်ဟိန်းဆရာတော်တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး၏ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဓမ္မပူဇာအဖြစ် တပို့တွဲလဆန်း ၁၄ရက် (ဖေဖော်ဝါရီ ၁၁ရက်) ည ၇နာရီမှစ၍ ရွှေပြည်ဟိန်းဆရာတော် (သီတဂူကြာတစ်ပွင့်) မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ပိဋကတစ်ပုံခွဲဆောင် ဘဒ္ဒန္တခေမာသီရိ လင်္ကာရအရှင်မြတ်က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု လားရှိုး၌ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျင်းပပြုလုပ်သော သာယာလမ်း ကတ္တရာလမ်းအပိုင်း(၂) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အထိမ်းအမှတ်**

အစီအစဉ်အရ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က ကတ္တရာလမ်းသစ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များအား ပေးအပ်သည်။ ကတ္တရာလမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြီးမြင့်၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးဦးညိုရွှေ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်အား ဖြတ်သန်း ကြည့်ရှုကြသည်။

**အကုန်အကျခံ**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ပေ ၂၂၇၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ်သိန်း၇၀ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တရုတ်နိုင်ငံ ကန်ဆုပြည်နယ် အနောက်တောင်ပိုင်း၌ တိုင်းရင်းသားမျိုးနွယ်စု ရိုးရာပွဲတော်တစ်ရပ် ဆင်နွှဲနေကြသည်ကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်ရှိ အိန္ဒိယအလုပ်သမားများကို အကာအကွယ်ပေးရေး အိန္ဒိယရဲတပ်ဖွဲ့ အာဖဂန်နစ္စတန်သို့ စေလွှတ်

နယူးဒေလီ ဖေဖော်ဝါရီ ၁၀

**အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ်က တာလီဘန် လက်နက်ကိုင်ပြောက်ကျားများကြောင့် အင်ဂျင်နီယာတစ်ဦးနှင့် အိန္ဒိယလူမျိုးတစ်ဦး သေဆုံးခဲ့ရပြီးနောက် အရပ်ဘက် အလုပ်သမားများကို အကာအကွယ်ပေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံသို့ လက်နက်ကိုင်ရဲတပ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။**

အိန္ဒိယ-တိဘက် နယ်စပ်မှ လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင် ၄၀ ကို အာဖဂန်နစ္စတန်နိုင်ငံသို့ ဦးစွာ စေလွှတ်ထားပြီးဖြစ်ကြောင်း၊ အဓိက မှာ ကဘူးလ်ရှိ အိန္ဒိယကိုယ်စားပြုအဖွဲ့နှင့် နိုင်ငံတစ်ဝန်းရှိ ကောင်စစ်ဝန်ရုံးများကို ကာကွယ်ရန် ဖြစ်ကြောင်း အစိုးရအရာရှိက ပြောကြားသည်။

အပိုရဲတပ်ဖွဲ့ကိုလည်း မငြိမ်မသက်ဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ အရေးကြီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အထူးသဖြင့် အဓိက အဝေးပြေးစီမံကိန်းတွင် အလုပ်လုပ်ကိုင်နေကြသည့် အိန္ဒိယအင်ဂျင်နီယာများနှင့် ၎င်းတို့ကို ပံ့ပိုးပေးလျက်ရှိသည့် အလုပ်သမားများကို ကာကွယ်ရန်အတွက် ပို့လွှတ်ထားကြောင်း ၎င်းက ပြောကြားသည်။

လာမည့်ရက်သတ္တပတ်များတွင် ၂၅၀ ခန့်အထိ တိုးမြှင့်ပို့ဆောင်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။

နောက်ဆုံးအကြမ်းဖက်မှုတစ်ရပ်တွင် ဖေဖော်ဝါရီ ၇ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ၌ တူရကီတစ်ဦး၊ အိန္ဒိယလူမျိုးတစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတို့ သေဆုံးခဲ့ရကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့် နိုဝင်ဘာလကလည်း အိန္ဒိယအင်ဂျင်နီယာတစ်ဦးကို အာဖဂန်နစ္စတန်မှ အိန္ဒိယအလုပ်သမားအားလုံး ရုပ်သိမ်းရန်အလိုရှိသည့် တာလီဘန် လက်နက်ကိုင်ပြောက်ကျားများက ပြန်ပေးဆွဲကာသတ်ခဲ့သေးကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# မက္ကဆီကိုစီးတီး၌ ကန်ဆန့်ကျင်ရေးဆန္ဒပြ ကျူးဘားဝ၆ဦး ဝါရှင်တန်မှ နှင်ထုတ်၍ဟုဆို

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၀**

မက္ကဆီကိုစီးတီးရှိ အမေရိကန်ပိုင် ရှယ်ရီတန်ဟိုတယ်အဝင်ဝ၌ ဖေဖော်ဝါရီ ၇ ရက်က ကျူးဘားအလံများကို ဖော့ယမ်းလျက် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြကြောင်း၊ ယင်းကဲ့သို့ ဆန္ဒပြခြင်းမှာ ဝါရှင်တန်က ကျူးဘားတာဝန်ရှိသူများအား နှင်ထုတ်ခဲ့သဖြင့် ၎င်းဟိုတယ်အား ပိတ်ပစ်ရန် ဆန္ဒပြခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဆန္ဒပြသူများက အဆိုပါဟိုတယ် အပြင်ဘက်၌ "ရမ်းကီးတွေထွက်သွားကြ"ဟူ၍ အော်ဟစ်လျက်ဆန္ဒပြခဲ့ကြကြောင်း၊ လွန်ခဲ့သော သီတင်းပတ်က အမေရိကန်စွမ်းအင်ကုမ္ပဏီများနှင့် အစည်းအဝေးကျင်းပရန် ရောက်ရှိလာသော ကျူးဘား ၁၆ဦးအား ဝါရှင်တန်မှ နှင်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံက ယင်းကဲ့သို့ နှင်ထုတ်ခြင်းကို စုံစမ်းစစ်ဆေးနေကြောင်း၊ အပြစ်ရှိလျှင် ရှယ်ရီတန်ဟိုတယ်အား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရူဘင်အဂွာလာက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# ရိုမေးနီးယား၌ အအေးလွန်ကဲ လူ၇၆ဦးသေဆုံး

**ဘူခါရက်စ် ဖေဖော်ဝါရီ ၁၀**

ရိုမေးနီးယားနိုင်ငံတွင် လွန်ခဲ့သည့် သုံးရက်အတွင်း အအေးလွန်ကဲမှုကြောင့် လူခုနစ်ဦး သေဆုံးခဲ့ပြီး ယခုအခါ သေဆုံးသူအရေအတွက်မှာ ၇၆ဦး ရှိသွားပြီဖြစ်ကြောင်း ရိုမေးနီးယား သတင်းဌာန ရွှမ်ပရက်စ်က ဖေဖော်ဝါရီ ၇ ရက်၌ ဖော်ပြသည်။

သေဆုံးကြသူများမှာ အသက် ၂၉ နှစ်နှင့် ၈၆ နှစ်အတွင်းဖြစ်ကြပြီး အများစုမှာ နှလုံးရောဂါ သို့မဟုတ် အရက်အလွန်အကျွံသောက်၍ သေဆုံးရကြောင်း၊ ၎င်းတို့အနက် ၂၁ဦးမှာ အိုးမဲ့အိမ်မဲ့သမားများဖြစ်ကြကြောင်း သတင်းဌာနက ဖော်ပြသည်။

မြို့တော် ဘူခါရက်စ်၏ မြောက်ဘက် ကီလိုမီတာ ၇၀ အကွာ ပလိုယီတီစီရင်စုတွင် အအေးလွန်ကဲမှုကြောင့် လူကိုးဦး သေဆုံးကြောင်း သတင်းရရှိသည်။ ဘူခါရက်စ်၌လည်း အအေးလွန်ကဲမှုကြောင့် လူသုံးဦး သေဆုံးခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# တရုတ်ကြက်ခြေနီအဖွဲ့ ထိုင်းနှင့်ပူးပေါင်းဆောင်ရွက်

ဗန်ကောက် ဖေဖော်ဝါရီ ၁၀

**တရုတ်နိုင်ငံမှ ကြက်ခြေနီကိုယ်စားလှယ်များသည် ဆူနာမီဒဏ်ခံရသောဒေသများ ပြန်လည်ထူထောင်ရေးပြုလုပ်ရန်အတွက် ဖေဖော်ဝါရီ ၈ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငှားပြည်နယ်သို့ ထွက်ခွာသွားကြသည်။**

တရုတ်ကြက်ခြေနီကိုယ်စားလှယ်များသည် ဘတ်ငွေ သန်း ၁၂၀ (အမေရိကန်ဒေါ်လာ သုံးသန်းခန့်)ကို ထိုင်းကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သော ထိုင်းမင်းသမီး မဟာချက်ကရီ သီရိဒုံအား ပေးအပ်လှူဒါန်းခဲ့သည်ဟု ဆိုသည်။

## ဖွံ့ဖြိုးတိုးတက်

ယင်းလှူဒါန်းငွေများကို ထိုင်းနိုင်ငံ ဖန်ငှားပြည်နယ် ဆူနာမီဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သုံးစွဲမည်ဖြစ်ကြောင်း၊ အဆိုပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေအိမ်အလုံး ၄၀၊ ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ကျောင်းများ၊ ဆေးရုံများ ပြုပြင်ခြင်း လုပ်ငန်းများ ပါဝင်သည်ဟု သိရသည်။

## ပူးပေါင်းဆောင်ရွက်

တရုတ်ကြက်ခြေနီ အဖွဲ့သည် ထိုင်းကြက်ခြေနီအဖွဲ့နှင့် ပူးပေါင်းလျက် သွေးထောက်ပံ့ပေးမှုနှင့် ရိုးတွင်းခြင်ဆီဆဲလ် သုတေသနပြုမှုများ ထပ်မံပူးပေါင်းဆောင်ရွက်ရန်စီစဉ်ထားသည်ဟု ဆိုသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

**ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသော ကားတစ်စီးကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မက်ဒရစ်ရထားဗုံးခွဲမှု မသင်္ကာသူအီဂျစ်နှစ်ဦး ပြင်သစ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**ပါရီ ဖေဖော်ဝါရီ ၁၀**

၂၀၀၄ ခုနှစ် မက်ဒရစ်ရထားဗုံးခွဲမှုနှင့် စပ်လျဉ်း၍ သင်္ကာမကင်းရှိသူနှစ်ဦးကို ပြင်သစ်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ပါရီအသံလွှင့်ဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

## ဖမ်းဆီး

ယခုအခါ အီတလီအကျဉ်းထောင်၌ရှိသည့် မသင်္ကာဖွယ် အီဂျစ်တစ်ဦးကို အားပေးကူညီမည်ဟု မသင်္ကာဖွယ် အီဂျစ်နှစ်ဦးကို အင်္ဂါနေ့ စောစောပိုင်းက ပါရီဒေသတွင် ဖမ်းဆီးလိုက်သည်။

မသင်္ကာဖွယ် အစ္စလမ္မစ်နှစ်ဦးကို ပြင်သစ်နိုင်ငံ၌ ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့သော် အသေးစိတ်အချက်အလက်များကိုမူ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ထုတ်မပြောပေ။

## ဗုံးခွဲတိုက်ခိုက်

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက်က မက်ဒရစ်ဗုံးခွဲမှုတွင် ၁၉၁ ဦး သေဆုံးသည်။ ယင်းမှာ အီရတ်နှင့် အာဖဂန်နစ္စတန်သို့ စပိန်နိုင်ငံက တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ထိုသို့ ဗုံးခွဲအကြမ်းဖက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အယ်လ်ခိုင်ဒါ စစ်သွေးကြွများက ကြေညာသည်။

**အမ်အင်အေ၊ ရိုက်တာ**

# အကြမ်းဖက်မှုများ ရှောင်ရှားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နှိုးဆော်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၀

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အကြမ်းဖက်မှုများ အရှိန်မြှင့်လုပ်ဆောင်မှုများကို ရှောင်ရှားကြရန် အရှေ့အလယ်ပိုင်းမှ အဖွဲ့အစည်းအားလုံးအား ဖေဖော်ဝါရီ ၇ ရက်၌ နှိုးဆော်လိုက်သည်။**

မကြာသေးသည့် ရက်များက အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် ပစ်မှတ်ထား၍ တိုက်လာခြင်းကို စိုးရိမ်ပူပန်မိကြောင်း မှတ်ချက်ပြုပြောကြားသည်ကို အာနန်၏ ပြောခွင့်ရပုဂ္ဂိုလ်က ကြေညာချက်တွင် ဖော်ပြသည်။

## ကာကွယ်ရန်လို

အစ္စရေးနိုင်ငံအနေဖြင့် ၎င်း၏ နိုင်ငံသားများကို မှန်ကန်သော နည်းလမ်းဖြင့် ကာကွယ်ရန်လိုကြောင်း၊ အပြစ်မဲ့ ပြည်သူများအား သေကျေစေခြင်းငှာ မဖြစ်သင့်ကြောင်းဖြင့် ကိုဖီအာနန်က အလေးအနက် ပြောကြားသည်။

အစ္စရေးတို့၏ ဒုံးကျည်နှစ်စင်း ဂါဇာ၌ အင်္ဂါနေ့က ကျရောက်ခဲ့သဖြင့် အနည်းဆုံးနှစ်ဦး သေဆုံးခဲ့ရသည်။

## တိုက်ခိုက်

အစ္စရေးတပ်က ပါလက်စတိုင်း စစ်သွေးကြွများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ လွန်ခဲ့သော သုံးရက်အတွင်း ရှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

## ယနေ့ကမ္ဘာ့စွမ်းအင်အခြေအနေ

ယနေ့ကမ္ဘာတွင် လောင်စာစွမ်းအင်သုံးစွဲမှုသည် ထုတ်လုပ်မှုထက် ပိုမိုမြင့်မားလျက်ရှိသည်။ ရေနံစိမ်း ထုတ်လုပ်မှုအနေဖြင့် ၂၀၀၁ခုနှစ်ကထက် ၈ဒသမ၃ရာခိုင်နှုန်း ပိုမိုထုတ်လုပ်ခဲ့သော်လည်းသုံးစွဲမှု၌ ၈ဒသမ၆ရာခိုင်နှုန်း ပိုမိုအသုံးပြုလာသောကြောင့် လောင်စာစွမ်းအင် လိုအပ်မှုရှားပါးမှုများ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိနေသည်။ ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများသည် ရေနံကိုလက်နက်တစ်ခုသဖွယ်အသုံးပြုတတ်ကြပြန်ရာ စွမ်းအင်အခြေအနေသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲပြဿနာတစ်ရပ်အဖြစ် ပေါ်ပေါက်လျက်ရှိသည်။

## နိုင်ငံတကာအဖြေရှာနေမှု

ရေနံသည်တစ်ချိန်သောကာလတွင် ကမ္ဘာမြေကြီး၌ကုန်ခန်းတော့မည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။ ယနေ့ကမ္ဘာတွင် လောင်စာဆီဈေးနှုန်းသည် တစ်နေ့ထက်တစ်နေ့ မြင့်တက်နေပြီး ရေနံစိမ်းတစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၉၂၊ ဒီဇယ်ဆီတစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅၉ ဈေးအထိရှိနေသည်။ ထို့ကြောင့် ရေနံအစားထိုး လောင်စာဆီသုံးစွဲနိုင်ရေး ကြိုးပမ်းလာကြသည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

**လောင်စာစွမ်းအင်လိုအပ်ချက်ကို ဇီဝဒီဇယ်ဆီအဖြစ် အစားထိုးအသုံးပြုနိုင်ရန်အတွက် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**ခြံစည်းရိုးကြက်ဆူပင်မှ ပြုပြင်ခြင်းမရှိဘဲ သဘာဝအလျောက် သီးမှည့်နေသော အသီးများကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နေရောင်ခြည်စွမ်းအင်ဖြင့် အစားထိုးအသုံးပြုနိုင်ရေး၊ နျူကလီးယားစွမ်းအင်ဖြင့် အစားထိုးအသုံးပြုနိုင်ရေး စသည်ဖြင့် စမ်းသပ်ဆောင်ရွက်လျက်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် နည်းပညာအခက်အခဲများ ရှိနေသေးသည်။ ဇီဝဒီဇယ်ဆီများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံများစွာတွင် ကြိုးပမ်းကြဲဆလျက်ရှိသည့်တွင် နိုင်ငံအလိုက်အောင်မြင်မှုအချို့လည်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ခြံစည်းရိုးကြက်ဆူပင်မှ ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ထုတ်လုပ်အသုံးပြုနိုင်မှုကို စမ်းသပ်လေ့လာတွေ့ရှိထားပြီး အောင်မြင်စွာ လက်တွေ့အစားထိုး အသုံးပြုနိုင်နေပြီဖြစ်သည်။

## ခြံစည်းရိုးကြက်ဆူပင်ဆိုသည်မှာ

ကြက်ဆူပင်မှာ နှစ်မျိုးရှိသည်။ တစ်မျိုးမှာ Castor ဟုခေါ်ပြီး ကျန်တစ်မျိုးမှာ ခြံစည်းရိုးကြက်ဆူ Jatropha ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် ရော်ဘာနှင့်မျိုးရင်းတူသောနှစ်ရှည်ပင်ဖြစ်သည်။ အပူပိုင်းဒေသတွင် လွယ်လင့်တကူပေါက်ရောက်နိုင်သည်။ ပူပြင်းခြောက်သွေ့သောဒေသများနှင့် စွတ်စိုသော သမပိုင်းဒေသများကို ပိုမိုကြိုက်နှစ်သက်သည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်သည်။ အကြမ်းခံ၍ ကြီးထွားမှုမြန်ပြီး မြေပြန့်မှသည် အမြင့်ပေ ၅၀၀၀ ကျော်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

ခြံစည်းရိုးကြက်ဆူပင်မှ အစေ့ကိုကြိတ်၍ ထွက်ရှိသောကြက်ဆူဆီကို အဝတ်စ၊ သက္ကလတ်စများဖြင့် စစ်ပြီး မည်သို့မျှပြုပြင်ရန်၊ မည်သည့်အရာနှင့်မျှ ရောစပ်ရန်မလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာအမျိုးမျိုးတွင် တိုက်ရိုက်ထည့်သွင်းအသုံးပြုနိုင်ကြောင်းမြန်မာနိုင်ငံ၌အောင်မြင်စွာစမ်းသပ်ဖော်ထုတ်တွေ့ရှိနေပြီဖြစ်သည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၂-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ်အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၇:၅၅ ၆။ ဖိုလ်မြတ်ထွန်းတံတား
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy.

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားကာတွန်း ဇာတ်လမ်း တွဲ "Doraemon"
၁၃:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)
၁၃:၃၅ ၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၄၅ ၉။ ရုပ်မြင်သံကြားဇာတ်လမ်း **"စည်းလုံးခြင်းရဲ့ အရသာ"**ကို ကိုလင်းမောင်၊မြတ်ကေသီအောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၄:၁၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၂၀ ၁၁။ အဆိုပြိုင်ပွဲ
၁၄:၂၅ ၁၂။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ စိန်ဝွက်ထော် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၄:၃၅ ၁၃။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၄။ International News.

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အရေးပြိုင်ပွဲ
၁၆:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သချ်ာအထူးပြု) [သချ်ာ]
၁၆:၅၀ ၅။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၀၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၁၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၂၀ ၈။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၇:၄၅ ၉။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၅၅ ၁၀။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ (အပိုင်း-၁၅)
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့ လူသား"** (အပိုင်း-၉)
၁၉:၃၅ ၁၄။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင်
၁၉:၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၂၁)



## မြန်မာ-ခါနန် တောင်သူလယ်သမားသင်တန်းကျောင်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ-ခါနန် တောင်သူလယ်သမား သင်တန်းကျောင်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင် (ဒိုးကွင်)ရှိ မြန်မာ-ခါနန်တောင်သူလယ်သမား သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းမှ ဆရာ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ **(အပေါ်ပုံ)**နှင့် ကျောင်းအုပ်ကြီး မစ္စတာကင်က အမှာစကား ပြောကြားကြသည်။

အမှတ်စဉ်(၁/၂၀၀၆)သင်တန်းတွင် အဓိကဘာသာရပ်အဖြစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနည်းပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ အကျဉ်းဦးစီးဌာန၊ ပုဂ္ဂလိက ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ကယားပြည်နယ် ဒီမောဆိုဒေသ၊ ရှမ်း(တောင်)ရှာငံဒေသတို့မှသင်တန်းသား စုစုပေါင်း၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၂-၂၀၀၆ (စနေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၃၀ ပြည်တွင်းသတင်းအကျဉ်း
၇:၄၀ ပါရဂူရှန်တိနိကေတန် စာကြည့်တိုက်ဖွင့်ပွဲ
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ မြန်မာ့အလှ ရေဆေးပန်းချီပြပွဲ
၈:၃၀ မိုးလေဝသခန့်မှန်းချက်
၈:၃၅ အလှတွင် အယဉ်ဆင့် အမြင်တင့်ဖွယ်နည်းပညာအသွယ်သွယ်
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀ ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ ဆောင်းနံနက်ခင်း တစ်ခု၏ လျှို့ဝှက်သောနှင်း
၁၀:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၁၀:၂၅ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သိမှတ်စရာ အဖြာဖြာ
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ Art & Technology Talk
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ ရွှင်လန်းတက်ကြွ မျိုးဆက်သစ်မော်ဒယ်လ်အလှ
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၅:၄၀ | ပရီမီယာပွဲကြိုသုံးသပ်ချက် (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်) | 5-Sports |
| ၆:၃၀ | EPL ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၇:၁၀ | Wigan-Liverpool | 5-Sports(Live) |
| ၉:၂၅ | Arsenal-Bolton | 5-Sports(Live) |
| | Middlesbrough-Chelsea | 5-Movies(Live) |
| | Everton-Black Burns | 5-Cartoons(Live) |
| ၁၁:၃၀ | Fulham-West Brom | 5-Cartoons(SDD) |
| ၁၁:၄၀ | Portsmouth-Man;Utd | 5-Sports(Live) |
| ၂:၀၀ | Final Score | 5-Sports(Live) |



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ မဟာရဋ္ဌာဘိ သာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

## ★ ကျောဖုံးမှ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံပြည်နယ်၊ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ လွိုင်လင်ခရိုင်အတွင်းရှိ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ စုစုပေါင်း၁၀၈ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ထူးမခြားနားရောင်ခြည်တော်ဘွဲ့သီချင်းခန့်ဖြင့်သီဆိုပူဇော်ကာ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့်အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ်ပရိတ် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိန်ဖူးတော်၊ စေတိယ၊ စေတိယသမ္ဘာရ၊ စေတိယပရိဝါရ၊ စေတိယင်္ဂဏ၊ စေတိယပါကာရ၊ စေတိယသမ္ပဒ္ဓ၊ စေတိယဝတ္တု ကံမြေများနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ငှက်မြတ်နားတော်နှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ငှက်ပျောဖူးတော်၊ ရွှေကြာသင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

#### ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဋ္ဌာဘိ သာမဂ္ဂီစေတီတော်၏ စိန်ဖူးတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူရာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က စေတီတော် တည်ဆောက်သည့် ဗိသုကာပညာရှင်များကိုယ်စား ဗိသုကာပညာရှင် ဦးတင့်လွင်အား လက်ဆောင်ပစ္စည်းများချီးမြှင့်သည်။

ဆက်လက်၍ ဗိသုကာပညာရှင်များကိုယ်စား ဗိသုကာပညာရှင် ဦးတင့်လွင်က မဟာရဋ္ဌာဘိ သာမဂ္ဂီစေတီတော်အား မူလဘုရား ဒါယကာ ဒါယိကာမများထံပြန်လည်အပ်နှံသည့် စာတမ်းကိုဖတ်ကြားလျှောက်ထားတင်ပြသည်။

ထို့နောက် စေတီတော်တည်ဆောက်ရာတွင် မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါကခွင့်လွှတ်ပါရန် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား တောင်းပန်းလွှာကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

### စိန်ဖူးတော်ပင့်ဆောင်

ယင်းနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အား လှည့်လည်ပူဇော်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိန်ဖူးတော်ကို ပင့်ဆောင်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကိုလည်းကောင်းပင့်ဆောင်ပေးကြသည်။ ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ငှက်မြတ်နားတော်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

#### ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရွှေကြာ သင်္ကန်းတော်ကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ် လှူဒါန်းစဉ်။**

(သတင်းစဉ်)



ဥဇာက်တော်အမြင့် ၁၃၅ ပေရှိ ရွှေတိဂုံစေတီတော်ပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဓာတ်တော်များကို ဓာတ်တော်ကြုတ်အတွင်းသို့ ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများသည် အရံစေတီရစ်ဆူ၏ စိန်ဖူးတော်နှင့်ထီးတော်များကို ပင့်ဆောင်ကြသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ သာသနာ့အောင်လံတော်၊ ရွှေကြာသင်္ကန်းတော်စသည်တို့ကို သာသနာ့အလံကိုင်အဖွဲ့များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်၍ ထီးတော်တင်မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က ဓမ္မပူဇာတေးများဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တာဝန်ရှိသူများသည် ငှက်မြတ်နားတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။ ယင်းအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့နှင့်အတူ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ဓမ္မတေးများကို သီဆိုပူဇော်သည်။ ဆက်လက်၍ အခမ်းအနားမှူးက မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၈ နာရီခွဲတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ) မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် ငှက်မြတ်နားတော်ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများသည် စေတီတော်အထွတ်၌ အသင့်တင် ပြင်ဆင်ထားပြီးဖြစ်သည့် ရွှေထီးတော်ဘုံဆင့်များကို တပ်ဆင်တင်လှူပူဇော်ပေးကြသည်။ တစ်ချိန်တည်းမှာပင် အရံစေတီထီးတော်များကို ရတနာပန်းတောင်းဖြင့် ပထမအကြိမ် ပင့်ဆောင်တင်လှူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

### စိန်ဖူးတော်ပင့်ဆောင်တင်လှူ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာရထားပျံဖြင့် စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြပြီး ယင်းအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ငှက်မြတ်နားတော်ကို တပ်ဆင်ပူဇော်ခြင်း၊ အရံစေတီထီးတော်များကို ရတနာပန်းတောင်းဖြင့် ဒုတိယအကြိမ် ပင့်ဆောင်တင်လှူခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံဖြင့် တင်လှူပြီးနောက် စေတီတော် အထွတ်သို့ တက်ရောက်နေရာယူကြသည်။

ထို့နောက် သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တာဝန်ရှိသူများသည် မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများပက်ဖျန်းကာ စေတီတော်အထွတ်သို့ တင်လှူပေးကြသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းတွင် စေတီတော်အထွတ်သို့ ကြွတင်ရောက်ရှိနေကြသည့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် စိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

**စိန်ဖူးတော် ပင့်ဆောင်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဋ္ဌာဘိသာ မဂ္ဂီစေတီတော်အား လှည့်လည်ပူဇော်ရန် စိန်ဖူးတော်ကို ပင့်ဆောင်စဉ်။**

(သတင်းစဉ်)

### ထီးတော်များတင်လှူပူဇော်

တစ်ချိန်တည်းမှာပင် အရံစေတီရစ်ဆူ၏ ထီးတော်များကို အရံစေတီများ၏အထွတ်တွင် တာဝန်ရှိသူများက တင်လှူပူဇော်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးကြပြီး စေတီတော်အထွတ်တွင် သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်၍ ငှက်ပျောဖူးတွင် ရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

စိန်ဖူးတော်တင်လှူပူဇော်ပြီးသည်နှင့် ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

### ရွှေမိုးငွေမိုးရွာသွန်းဖြိုး

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။

ယင်းနောက် စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းတော်နှင့် မြသပိတ်ကပ်လှူခြင်း အစီအစဉ်ကိုကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ မြသပိတ်များကို ဆက်လက်ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းနှင့် မြသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော သံဃာတော် ၁၀၈ ပါးတို့က မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည်က အမျှဝေစာတမ်းကိုဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများသည် စေတီတော်ရင်ပြင်ပတ်လည်၌ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းဆက်ကပ်လှူဒါန်း

ဆွမ်းဆန်စိမ်း လောင်းလှူပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဆရာတော်သံဃာတော်များအား ဂန္ဓကုဋိတိုက်အတွင်း၌ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ဓာတ်တော်တိုက်၌ ဓာတ်တော်များထည့်သွင်းပူဇော်ခြင်း၊ တံခွန်တိုင်ဖွင့်လှစ်ခြင်းနှင့် ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

### ပရိတ်တရားတော်များနာယူ

ထို့နောက် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရှမ်းပြည်နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်တော်များကို ဓာတ်တော်ကြုတ်အတွင်းသို့ ထည့်သွင်းပူဇော်ပေးသည်။

ထိုအချိန်တွင် အခမ်းအနားမှူးဦးစံသင်းလှိုင်က သက္ကတွာသုံးဂါထာကို ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဓာတ်တော်ကြုတ်ကို ဓာတ်တော်တိုက်၌ ထည့်သွင်းပူဇော်ပေးသည်။ စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၏ အရှေ့တောင်ထောင့်အရပ်၌ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးပြီး ရေစင်ရေကောင်းများ၊ မြေဆီမြေသြဇာများနှင့် အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်စဉ်။ (သတင်းစဉ်)

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ထာဝစဉ် ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်

တက္ကသိုလ်တင်ခ

ပြည်ထောင်စုဟူသော ဝေါဟာရသည် မြန်မာစာ၊ မြန်မာမှု မြန်မာပြည်သူလူထုအတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းမှတ်တမ်းတင်အပ်သော စကားရပ်ဖြစ်ပေသည်။ သမိုင်းအစဉ်အလာအရလည်း **'မြန်မာ'**နှင့် **'ပြည်ထောင်စု'**သည် ရေကိုသားလျှင် အကြားမထင် သကဲ့သို့ အစဉ်မပြတ် တစ်ဆက်တစ်စပ်တည်း ဖြစ်ပေသည်။

သမိုင်းရှုထောင့်၊ စာပေရှုထောင့်မှ ပြည်ထောင်စု ဝေါဟာရ ဖြစ်တည်လာပုံကို စေ့စုံစွာ ပြုဆိုထားခြင်းမှ သိရသည်မှာ-

ပြည်ထောင်စုဟူသည် ပုဂံခေတ်မှပင် စတင်ခေါ်ဝေါ်ခဲ့သည်။ ခရိုင်၊ တိုက်ဒေသမှ စုစည်းပြီးမှသာ ပြည်၊ နိုင်ငံဖြစ်လာရပြန်သည်။ အနော်ရထာ ခေါင်းဆောင်မှုဖြင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရှမ်း စသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ခြင်းဖြင့်သာ ပြည်ထောင်စုကြီးတစ်ရပ် တည်ဆောက်ခဲ့သည်ဟူသော အဆိုတစ်ရပ်ကို မှတ်ကျောက်တင်နိုင်ပေသည်။

## အနော်ရထာမင်း အုတ်မြစ်ချပေးခဲ့သော ပြည်ထောင်စုစိတ်ဓာတ်

အနော်ရထာဟူသည် ပြည်သူတို့နှင့် မဆန့်ကျင်သော သဘော အဓိပ္ပာယ်ရပေသည်။ အရိမဒ္ဒနပူရ ဟူသည်မှာလည်း 'ရန်မျိုးနှိမ်မြို့' ဟူ၍ အဓိပ္ပာယ်ဖော်ထုတ်ရရှိပေသည်။ အနော်ရထာနှင့် ပုဂံခေတ် ပြည်သူတို့သည် အရိမဒ္ဒနပူရပြည်ကို တည်ထောင်ရာတွင် နောင်အရှည်ခံ့တည်တံ့အောင် ကြံဆောင်ကြိုးပမ်းခဲ့ကြပေသည်။

ထို့မျှမက အနော်ရထာမင်းသည် မင်းနှင့်ပြည်သူ ဝန်ထမ်းအပေါင်း အပြန်အလှန် သစ္စာခံကြရန် ရည်သန်၍ ကတိသစ္စာပြုပွဲတစ်ရပ်ကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပေသည်။ ထိုသို့ သစ္စာပြုရာတွင် အဓိကပါဝင်သောအချက်မှာ သူတစ်ပါး တိုင်းတစ်ပါး နိုင်ငံခြားစကားကို နားထောင်နားယောင်မိပြီး မိမိကိုယ်တိုင်နှင့် ပြည်သူအချင်းချင်းကို ထိပါးဖျက်ဆီးခြင်း အလျှင်းမပြုပါ ဟူ၍ ဖော်ပြထားပေသည်။

ပုဂံအနော်ရထာသည် ပြည်သူနှင့်မဆန့်ကျင်သော တိုင်းရင်းသား ပြည်သူအချင်းချင်း သစ္စာရှိအပ်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေတည်ပေးခဲ့ပေသည်။

## အသီးတစ်ရာ အညှာတစ်ခု

## ဒို့ပြည်ထောင်စု

## တောင်ငူခေတ် ပြည်ထောင်စုစိတ်ဓာတ်

တောင်ငူခေတ် ဘုရင့်နောင်လက်ထက်တွင်လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို တပင်ရွှေထီးကဲ့သို့ပင် စဉ်ဆက်မပြတ် လိုက်နာကျင့်သုံးပေသည်။ တိုက်ခိုက်အောင်မြင်ခဲ့ပြီးသော နယ်ပယ်ခေါင်းဆောင်များကို သစ္စာခံစေ၍ အဆောင်အယောင်ရာထူး ဆက်လက်ချီးမြှင့်မြှောက်စားသည်။ တိုင်းရေး၊ ပြည်ရေး၊ စစ်မက်ရေးတို့ မွန်၊ ဗမာ၊ ရှမ်း မှူးမတ်တို့ကို ခေါ်ယူတိုင်ပင် ညှိနှိုင်းဆောင်ရွက်ခဲ့ပေသည်။ ဘုရင့်နောင်နှင့် သားတော်နန္ဒဘုရင်တို့သည် မိမိတို့၏ ကျယ်ဝန်းသော နိုင်ငံတော်ကြီးကို ရာမညတိုင်း ဟံသာဝတီပြည်ကြီးဟု ခေါ်ဝေါ်သုံးစွဲစေခဲ့သည်။ ထို့ကြောင့်ပင် ဘုရင့်နောင်လက်ထက် လူမျိုးအချင်းချင်း ရင်းနှီးချစ်ခင်ကြပြီး စည်းလုံး ညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာခဲ့ကြောင်းမှာ ကောင်းစွာ သိသာထင်ရှားပေသည်။

## ကုန်းဘောင်ခေတ်၏ ပြည်ထောင်စုစိတ်ဓာတ်

တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ဆက်ကို ထူထောင်သူ အလောင်းမင်းတရားသည် ယိုယွင်းနေသော မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းရာတွင် ပြည်တွင်းပြည်ပရန်များကို ချေမှုန်းရေးအတွက် တိုင်းရင်းသားစည်းလုံးရေး လက်နက်ကို လက်တွေ့ကျကျ အသုံးချခဲ့ပေသည်။

## ပြည်ထောင်စုစိတ်ဓာတ်ဖြင့်

## လွတ်လပ်ရေးကို အရယူပေးခဲ့ခြင်း

အနော်ရထာ စတင်တည်ထောင် ပေးခဲ့သော ပုဂံပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် အံ့မခန်းရပ်တည်နိုင်ခဲ့ပေသည်။ တောင်ငူခေတ်မှာ ဘုရင့်နောင်တို့က ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် တည်ထောင်နိုင်ခဲ့ပေသည်။

ထို့အတူ အလောင်းမင်းတရားဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခြောက်ကျိပ်ရှစ်ယောက် တိုင်းရင်းသားသူရဲကောင်းများ ဖွဲ့စည်းတည်ထောင် အောင်မြင်ခဲ့ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကစ၍ သွေးရင်းသားရင်း တစ်အူထုံ့ဆင်း ညီအစ်ကို တိုင်းရင်းသားများဖြစ်ကြသည့်နည်းတူ တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ အတူတကွ ပူးပေါင်းလုပ်ကိုင် နေထိုင်ခဲ့ကြသည်။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက်၁၀နာရီတွင် တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများတို့သည် ခွင့်တူညီမျှ တလုံးတစည်းတည်း နေထိုင်တော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နယ်ချဲ့ဗြိတိသျှတို့သည် အမျိုးမျိုးအဖုံဖုံ နည်းပေါင်းစုံကိုသုံးကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခဲ့သော်လည်း တိုင်းရင်းသားညီအစ်ကိုများသည် ဥမကွဲ သိုက်မပျက် နေထိုင်ရန် ပူးပေါင်းမိကြလေသည်။ စုပေါင်းရပ်တည်မှု အင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်လည်း ရင့်သန်လာခဲ့ကြပေသည်။

လိုရင်းကိုဆိုရသော် တိုင်းရင်းသားအပေါင်းတို့သည် အရေးကြုံသည့်အခါ သွေးချင်းဆုံ၍ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်သွေးတစ်သား တစည်းတလုံး တညီတညွတ်တည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူတိုက်ပွဲဝင်ခဲ့ကြသောကြောင့် **"မြန်မာ့လွတ်လပ်ရေး"**ကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၇-၄-၁၉၉၉ရက်က ကျင်းပသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားရာ၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်း၍-

> **"ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် အင်အားကြီးသည့် နိုင်ငံကြီးအချို့သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေကြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အား မမေ့လျော့သတိချပ်ရမည့် အချက်တစ်ချက်မှာလိုကြောင်း၊ ၎င်းမှာ မိမိတို့နိုင်ငံအတွက် အင်မတန် အရေးကြီးသည့် ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီး ပေါင်းစပ်ဖွဲ့စည်းထားသည့် နိုင်ငံဆိုတာ ရဲဘော်တို့အားလုံး သိကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့်အခါတွင် နိုင်ငံတော်သည် တိုးတက်ပြီး ကျယ်ပြန့်ကြီးမားခဲ့ကြောင်း၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တွေကို ကြည့်လျှင်သိနိုင်ကြောင်း၊ ထိုခေတ်များတွင် အိမ်နီးချင်းနိုင်ငံများ၏ ချစ်ကြည်လေးစားမှုကို ခံယူနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးသည် နှိုင်းဆမရအောင် ကြီးမားသည်ကို တွေ့ရမှာဖြစ်ကြောင်း"**

ထည့်သွင်းမိန့်ကြားခဲ့ပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းပင်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထား ခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကို စောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှုတည်းဟူသော မျိုးချစ်စိတ်ဓာတ်ပေါ် အခြေခံသည်။ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာထောက်ထားလိုခြင်းနှင့် နားလည်ခွင့်လွှတ် သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သော အခြေခံများ ဖြစ်ကြသည်။ အရေးကြီးဆုံးမှာ ပင်ကိုစိတ်ထားကောင်းရှိခြင်းနှင့် ရိုးသားဖြူစင်ဖြောင့်မတ်ခြင်းတို့ ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားခဲ့သည်။ ပြည်ထောင်စိတ်ဓာတ်၏ စွမ်းဆောင်ချက်ကြောင့် စည်းလုံးညီညွတ်ရေးမှတ်တိုင်ဖြစ်သည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပိုင်ဆိုင်သည့် လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့သည်။ ထိုနေ့တွင်ပင်-

**"ဤငါတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်း"**ဟူသော မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းကြီးကို ကမ္ဘာသို့ကြေညာနိုင်ခဲ့သည်။

**တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုစိတ်ဓာတ်၏ စွမ်းပကားကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထူးခြားစွာ ရရှိခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်များသည် ယခုအခါ စည်းလုံးညီညွတ်သော ညီအစ်ကိုများအဖြစ် အမြင်ချင်းတူညီကာ တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို လက်တွဲဆောင်ရွက်နေကြပြီ** ဖြစ်ပေသည်။

ထိုသို့ လက်တွဲဆောင်ရွက်နိုင်ကြခြင်းသည် **ထာဝစဉ် ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်**၏ ဧကန်အမှန်တရား ထွန်းကားပြန့်ပွားရေးကို ရှေးရှုနေကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုစိတ်ဓာတ်၏ စွမ်းပကားကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထူးခြားစွာ ရရှိခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်များသည် ယခုအခါ စည်းလုံးညီညွတ်သော ညီအစ်ကိုများအဖြစ် အမြင်ချင်း တူညီကာ တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို လက်တွဲဆောင်ရွက်နေကြပြီ။**

# တပ်မတော်အစိုးရလက်ထက်

# ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချင်းပြည်နယ်

ချင်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အနောက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၃၉၀၇မိုင် ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသားမျိုးနွယ်စုများနှင့် မြို့(ခေါ်)ခမိ၊ နာဂနှင့်ဗမာစသည့် တိုင်းရင်းသားများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၅၁၄၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၃၇ဦးဖြစ်သည်။

## တောင်တန်းများသွယ်တန်းနေ

တောတောင်ထူထပ်၍ မြေပြန့် အလွန်နည်းပါးသော ပြည်နယ် ဖြစ်သည်။ တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းနေပြီး တောင်တန်းများအကြား၌ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများရှိသည်။ အမြင့်ဆုံးတောင်ထိပ်မှာ ပေ ၁၀၂၀၀မြင့်သော ဝိတိုရိယ(ခေါ်)ခေါ်နုဆုမ်တောင်ဖြစ်သည်။ မြစ်ချောင်းများစွာစီးဆင်းနေပြီး မဏိပူရ်မြစ်သည် ပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသည်။

## ဖွံ့ဖြိုးတိုးတက်လာ

ချင်းတိုင်းရင်းသားများအား တောင်ပေါ်တိုင်းရင်းသားများဟု ခေါ်ဆိုသော်လည်း မြေပြန့်နှင့်တစ်သားတည်း တည်ရှိသည်။ နိုင်ငံတော်က တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်။

## ဟန်ချက်ညီညီ မြှင့်တင်ပေး

ပြည်တောင်စုတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိုင်းရင်းသားအချင်းချင်းဆူကြုံနိမ့်မြင့်ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဟန်ချက်ညီညီမြှင့်တင်ပေးခြင်းဖြင့် တပ်မတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားမြင့်မားအောင် ဖော်ဆောင်ပေးလျက်ရှိသည်။

## ဖွံ့ဖြိုးတိုးတက်မှုများ

ဤသို့ဖြင့် ချင်းပြည်နယ်အတွင်း နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုကြောင့် ညီနောင် သွေးချင်းသားချင်းများနှင့် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုနိုင်ရန်အတွက် ၁၉၈၈ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။ ။

## ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ

ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

## ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

| အမျိုးအမည် | ၁၉၈၈ | ၂၀၀၆ | တိုးတက်မှု |
|---|---|---|---|
| **စိုက်ပျိုး/မွေးမြူရေး** | | | |
| စိုက်ပျိုးမြေ (ဧက) | ၂၀၉၆၂၅ | ၃၇၆၀၃၁ | ၁၆၆၄၀၆ |
| ဆည်မြောင်း၊ တာတမံ | – | ၂ | ၂ |
| မိုးစပါးစိုက် (ဧက) | ၈၆၇၈၁ | ၁၂၀၀၀၂ | ၃၃၂၂၁ |
| နွေစပါးစိုက် (ဧက) | – | ၂၀၅ | ၂၀၅ |
| ဆီထွက်သီးနှံစိုက် (ဧက) | ၅၇၀၄ | ၂၂၉၈၃ | ၁၇၂၇၉ |
| ငါးမွေးမြူရေးကန် (ဧက) | ၁၆ | ၈၆ | ၇၀ |
| **သစ်တောပြုစုပျိုးထောင်မှု** | | | |
| ကြိုးဝိုင်းတော(စတုရန်းမိုင်) | ၆၀၅ | ၆၉၆ | ၉၁ |
| သစ်တောစိုက်ခင်း(ဧက) | ၁၀၀၀ | ၂၅၆၇၀ | ၂၄၆၇၀ |
| **လမ်းပန်းဆက်သွယ်ရေး** | | | |
| ကားလမ်း (မိုင်) | ၆၉၅ | ၁၀၆၂ | ၃၆၇ |
| ကတ္တရာလမ်း (မိုင်) | ၄၀ | ၁၉၄ | ၁၅၄ |
| ကျောက်လမ်း (မိုင်) | ၅ | ၂၇၈ | ၂၇၃ |
| ပေ ၁၈၀ အထက်တံတား | ၂ | ၅ | ၃ |
| ပေ ၁၈၀ အောက်တံတား | ၃၇ | ၄၇ | ၁၀ |
| **လျှပ်စစ်စွမ်းအား** | | | |
| ရေအားလျှပ်စစ်စက်ရုံ | ၄ | ၁၀ | ၆ |
| ဓာတ်အားသုံးစွဲမှုယူနစ် (သန်း) | ၁ဒသမ၅၅၂ | ၈ဒသမ၆၀၁ | ၇ဒသမ၀၄၉ |
| **ပညာရေး** | | | |
| **အခြေခံပညာအဆင့်** | | | |
| မူလတန်းကျောင်း | ၉၉၈ | ၁၀၅၇ | ၅၉ |
| အလယ်တန်းကျောင်း | ၇၆ | ၈၆ | ၁၀ |
| အထက်တန်းကျောင်း | ၁၇ | ၃၉ | ၂၂ |
| ဆရာ/ဆရာမဦးရေ | ၂၉၈၂ | ၄၅၄၀ | ၁၅၅၈ |
| ကျောင်းသားဦးရေ | ၆၂၆၆၀ | ၁၀၁၆၈၇ | ၃၉၀၂၇ |
| **အဆင့်မြင့်ပညာအဆင့်** | | | |
| တက္ကသိုလ် | – | ၁ | ၁ |
| အစိုးရကွန်ပျူတာကောလိပ် | – | ၁ | ၁ |
| အစိုးရနည်းပညာကောလိပ် | – | ၁ | ၁ |
| **ကျန်းမာရေး** | | | |
| ဆေးရုံ | ၁၈ | ၂၄ | ၆ |
| ကျန်းမာရေးဌာနများ | ၆၆ | ၆၇ | ၁ |
| **ဆက်သွယ်ရေး** | | | |
| စာတိုက်စခန်း | ၂၉ | ၄၅ | ၁၆ |
| ကြေးနန်းရုံး | ၁၁ | ၂၂ | ၁၁ |
| တယ်လီဖုန်းရုံး | ၈ | ၂၅ | ၁၇ |
| **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး** | | | |
| ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ | ၃ | ၁၁ | ၈ |
| ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက် | – | ၆၆၂ | ၆၆၂ |

## စစ်မှန်သော မျိုးချစ်စိတ်

* ဒို့ရေမြေ ဒို့အလှ
ဒို့ဘဝ ဒို့ခင်မင်...။
သွေးချင်းဆွေ ညီနောင်များတို့
လေးစား ချစ်ကြင်။
တောတောင်က အလှဆင်
ရေပြင်က အလှဝိုင်း။
အပြာရင့် ငယ်နှင့်
သာတင့်ဖွယ် မြရည်ဆမ်းလို့
ချမ်းမြမြမှိုင်း။
* တောင်ပေါ်မှာ တောင်ပေါ်အလျောက်
အံ့လောက်ဖွယ့် အလှတွေ
ပန်းမျိုးစုံဝေ။
သစ်ခွနဲ့ ချယ်ရီတွေ
ပွင့်ပေကြ တောတောင်နံ့။
တောင်ဇလပ် ငွေသဇင်တို့
ဝေလွင်လွင် ပြေ(ပြည်)ခွင်အေးအောင်
မွှေးထုံလို့ပျံ့။
* မြေပြန့်မှာ ပွင့်တဲ့ပန်း
တင့်ဆန်းတဲ့ ပိတောက်ဝါ။
ပန်းကံ့ကော် ခရေဦးငယ်တို့
ထူးတင့်လှပါ။
မြိုင်အလုံးမှာတဲ့
ကြိုင်အုံးမယ့် ပန်းမာလာ
ယင်းမာနဲ့ သရဖီပန်း။
တောမြိုင်ခြေလမ်းတစ်လျှောက်
ကြိုင်လှောက်တင့်ဆန်း။
* ပြည်မြန်မာ တစ်ခွင်လုံးမှာတဲ့
ယဉ်မဆုံးတဲ့ ပန်းမာလာ...။
ကချင်၊ ကယား၊ ကရင်နဲ့
ချင်း၊ ဗမာ၊ စုံလင်ပါရဲ့
မွန်၊ အပြင် ရခိုင် ရှမ်းတို့ကလည်း
ပန်းပမာ လန်းဖြာမွှေး
တေးချင်းဆိုကာ။
ပြည်ထောင်စု ဥယျာဉ်မှာ
စုံလင်စွာ ဂုဏ်တင်ကြ။
ဒို့အနာဂတ် ဒို့ရေးရာ
ဒို့တွေးကာ ဆွေးနွေးကြ။
သည်ကနေ့မှာဖြင့်
ကြည်မွေ့ဖွယ် ညီနောင်များရယ်တို့
နိုးကြား ပြည်သာရန် အမြင်သစ်တွေနဲ့
အမျိုးသားညီလာခံ သဘင်လှစ်ပါလို့
စစ်မှန်သော မျိုးချစ်စိတ်
ပြည့်သိပ်ပေစွ။ ။

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့အားကြိုဆိုဂုဏ်ပြုလျက်-

တက္ကသိုလ်ညိုမင်းမောင်

သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ချင်းပြည်နယ် ကလေး-ဟားခါးလမ်းပေါ်တွင် ၁၉၉ဂ ခုနှစ် မတ်လ ၁၃ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် မဏိပူရ်မြစ်ကူး ဗားရီတံတားကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် တိုက်ကြီးမြို့သို့ ဆက်လက်သယ်ဆောင် အလံတော်သယ်ယူရာလမ်းတစ်လျှောက်မှပြည်သူများ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုအလံတော်ကို နံနက်၁၀နာရီ၄၅မိနစ်တွင် တိုက်ကြီးမြို့နယ် ဂျုံးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။**

ပြည်ထောင်စု အလံတော်အား ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မ ဂုဏ်ပြုစစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။ ထို့နောက် နံနက် ၇နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌စိုက်ထူထားသောပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့်ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများခြံရံလိုက်ပါ၍ ဒဂုံမြို့သစ် (တောင်ပိုင်း) အားကစားကွင်း မုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး အထူးတန်းပွဲကြည့်စင်ရှေ့အရောက်၌ ရန်ကုန်အရှေ့ပိုင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်လှဲ့လှဲ့ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု အလံတော်ကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်ကျော်မိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်းအတွင်း သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာကြပြီး (၅၉)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းခရိုင်ပြည်ထောင်စုနေ့ကျင်းပရေးဦးစီးကော်မတီ ကွပ်ကဲရေး မဏ္ဍပ်ရှေ့အရောက်၌ ပြည်ထောင်စု အလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါ၍ သယ်ဆောင်လာပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်း မုခ်ဦးအရောက်၌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထံ လွှဲပြောင်းပေးအပ်သည်။

## ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက်ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှတိုက်ကြီးမြို့နယ်သို့ ပုလဲရတနာလမ်း၊ ပြည်ထောင်စုလမ်း၊ ဒဂုံမြို့သစ် (တောင်/မြောက်) လမ်းဆုံမှတစ်ဆင့် ပြည်ထောင်စုလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ စက်မှုလမ်း၊ ဒဂုံမြို့သစ်တံတားကို ဖြတ်သန်းပြီး ခေမာသီလမ်း၊ သုခမ္မာလမ်း၊ အမှတ်(၃) လမ်းမကြီး၊ ခရေပင်လမ်းမှ ရန်ကုန်-ပြည်လမ်းအတိုင်း သယ်ဆောင်ကြသည်။

## ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုအလံတော် ဖြတ်သန်းသယ်ဆောင်လာရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်နှင့်တိုက်ကြီးမြို့နယ်တို့မှရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမ ကျောင်းသား ကျောင်းသူများနှင့် ထောင်ပေါင်း များစွာသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင်ပြည်ထောင်စုအလံငယ်များအား ဝှေ့ယမ်း၍ လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကများဖြင့်လည်းကောင်း၊ စည်တော်ရွမ်း၍လည်းကောင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်ရာ လမ်းတစ်လျှောက် ဝဲ၊ယာ တစ်ဖက်တစ်ချက်၌ နိုင်ငံတော် အလံများ လွှင့်ထူ၍လည်းကောင်း၊ ရောင်စုံအလံများစိုက်ထူ၍လည်းကောင်း **“(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏”** စာတန်းပါလမ်းဖြတ်ကြိုဆိုရေး စာတန်းများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပြည်ထောင်စု အလံတော်ကို ခမ်းနားထည်ဝါစွာသယ်ဆောင်လာသော ပြည်ထောင်စုလှေသည် နံနက်၉နာရီခွဲတွင်ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်ရှိ ကြိုဆိုရေး မုခ်ဦးသို့ ရောက်ရှိလာရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ) နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် သယ်ဆောင်လာကာ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်ခေါင်းဆောင်သော အလံတော်

**ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြတ်မင်း တိုက်ကြီးမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူစဉ်။** (သတင်းစဉ်)

သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

## လက်ဆင့်ကမ်းသယ်ဆောင်

ထိုမှတစ်ဆင့် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်စိုး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ လှည်းကူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းလွင်ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဦးခင်သိန်းမောင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ရွှေပြည်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညို ခေါင်းဆောင်သောအလံတော် သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သိမ်းသိမ်းဖြူ ခေါင်းဆောင်သောအလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်အေး ခေါင်းဆောင်သောအလံတော် သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ်ဆင်စခန်း(၂)ကျေးရွာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်နိုင်နိုင်မော်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ခွဲ(၁) တပ်ခွဲမှူး ဇော်ထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊တိုက်ကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူးဝဏ္ဏ ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ် ဥက္ကံ အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သီတာလွင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်သယ်ယူပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်စာရင်းရုံးမှ စာရင်းစစ်မှူး ဦးရွှေထွန်းခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဥက္ကံ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ကြပ် ဖုန်းနိုင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်လတ်လတ်ချောဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးဌာနမှူး ဦးကြည်သန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန် ဦးစီးဌာနမှူး ဦးစိန်နွယ် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမေနီနီငြိမ်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့ ဘူတာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းညွန့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးစိန်လှမောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးစိုးတင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့် (အငြိမ်းစား) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စု အလံတော်ကို ရန်ကုန်-ပြည်လမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ဆောင်လာပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာပြီး တိုက်ကြီးမြို့နယ် ဂျုံးဖြူအားကစားပြိုင်ကွင်း ကြိုဆိုရေးမုခ်ဦးအရောက်၌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထံ လွှဲပြောင်းပေးအပ်သည်။

## နိုင်ငံတော်အလံအားအလေးပြု

ထို့နောက် ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူ များ ခြံရံလိုက်ပါကာ ဂျုံးဖြူအားကစားပြိုင်ကွင်းအတွင်း သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာရာ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍ ဂုဏ်ပြုသည့်အပြင် ဂျုံးဖြူ အားကစားကွင်းအတွင်း အသင့်နေရာ ယူထားကြသော ပြည်သူများကလည်း ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုအလံတော်ကို နံနက်၁၀နာရီ၄၅မိနစ်တွင် တိုက်ကြီးမြို့နယ် ဂျုံးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူလူထုကြီးက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျုံးဖြူအားကစားပြိုင်ကွင်း၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လာရောက်အလေးပြုကြသည်။

## ကြည့်ရှုအားပေး

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ပြည်ထောင်စု အလံတော်တစ်ညတာ ညအိပ်ရပ်နားရာ တိုက်ကြီးမြို့နယ် ဂျုံးဖြူအားကစားကွင်း၌ ဝန်ကြီးဌာနများမှ ပညာပေးပြခန်းများ၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်တို့မှ စက်မှုဇုန်များ၊ အရောင်းပြခန်းများ ဖွင့်လှစ် ပြသထားရာ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

**(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အားကစားကွင်းသို့ အလံတော်သယ်ယူရေးအဖွဲ့များက လက်ဆင့်ကမ်းသယ်ဆောင်လာစဉ်။** (သတင်းစဉ်)

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားဝတ်စုံပြည့်အစမ်းလေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက်၆နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငြိမ်းဝင်းနှင့် သဘာပတိအဖွဲ့ဝင်များ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီနှင့် ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

### ဝတ်စုံပြည့်အစမ်းလေ့ကျင့်

အစီအစဉ်အရ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ရောက်ရှိခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ အလံတော်သယ်ယူရေးအဖွဲ့ နေရာယူခြင်း၊ အလံတော်သယ်ယူရေးအဖွဲ့ ပြန်လည်နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား ပြန်လည်သယ်ယူခြင်းနှင့် နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ ပြန်လည်ထွက်ခွာခြင်းတို့ကို အစီအစဉ်အတိုင်း ဝတ်စုံပြည့်အစမ်းလေ့ကျင့်ကြသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

ဓာတ်တော်ကြုတ်ကို ဓာတ်တော်တိုက်၌ထည့်သွင်းပူဇော်အပြီးတွင် ဇယန္တော ဇောဓိယာမူလေ အစချီသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စေတီတော်အတွက် လှူဒါန်းသည့် ဦးစိုးထွန်းရှိန် အာရကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီ လီမိတက်၏ အလှူငွေကျပ်သိန်း၉၀၊ ဦးဇော်လေး Fisheries & Marine Products 2000 Ltd.၏အလှူငွေကျပ်သိန်း ၅၀၊ ဦးသန်းညွန့် မင်းရောကုမ္ပဏီလီမိတက်၏ အလှူငွေကျပ်၁၀သိန်း၊ ဦးမျိုးအောင် စန်းမြန်မာကုမ္ပဏီလီမိတက်၏ အလှူငွေကျပ်၁၀သိန်း၊ ဒေါက်တာဒေါ်အေးအေး ချိန်ကောင်းကုမ္ပဏီလီမိတက်၏ အလှူငွေကျပ်၁၀သိန်း၊ ဦးစိုးနိုင်–ဒေါ်တင်တင်ရီမိသားစု၏ အလှူငွေကျပ်၁၀သိန်း၊ ဦးကျော်နိုင်–ဒေါ်မြင့်မြင့်သန်း မိသားစု၏ အလှူငွေကျပ် ၁၀သိန်း၊ ဦးထွန်းဝင်း(ခ)ဦးအာဝါး မိသားစု၏ အလှူငွေကျပ်၁၀သိန်း စုစုပေါင်းအလှူငွေကျပ်သိန်း၂၀၀ကို အလှူရှင် များကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်က တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်ထံ ပေးအပ်လှူဒါန်းသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် စေတီတော်ရင်ပြင်ရှိ တံခွန်တိုင်ဖွင့်လှစ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက တံခွန်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်၏ အရှေ့တောင်ထောင့်အရပ်၌ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးပြီး ရေစင်ရေကောင်းများ၊ မြေဆီဩဇာများနှင့် အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်သည်။

### ဗောဓိပင်စိုက်ပျိုး

ထိုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့သည် စေတီတော်၏ အရှေ့မြောက်ထောင့်အရပ်၌ ဗောဓိပင်ကိုစိုက်ပျိုးပူဇော်ပေးကြသည်။

ဗောဓိပင် စိုက်ပျိုးပူဇော်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပင်လုံမြို့ မင်္ဂလာမွေတော်စာသင်တိုက်နှင့် ပိဋကတ်တိုက်တို့၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

### တာဝန်ယူတည်ဆောက်ခဲ့

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မှာ ဉာဏ်တော်အမြင့်၁၃၅ပေရှိသည့် ရွှေတိဂုံပုံတူစေတီတော်ဖြစ်ပြီး ပေ၅၀မြင့်သည့် သံကူကွန်ကရစ်အတွင်း လိုဏ်ပုံစံဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ စေတီတော်ကို အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## ဒဿနိကဗေဒဌာန အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာန ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၉ရက်နံနက်၉နာရီတွင်တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ညနေ၆နာရီ၌ Central Hoterl ၌ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ဖုန်း–၅၃၅၇၂၉၊ ဦးသန်းအောင် ဖုန်း–၇၂၃၇၂၄၊ ဦးဇော်မြင့်ဦး ဖုန်း–၃၈၅၇၂၇၊ ၇၀၀၃၂၀၊ ၀၉–၅၁၃၃၈၉၈၊ ဦးမြင့်ဆွေ ဖုန်း–၀၉–၅၁၁၁၄၁၀၊ ဦးကြည်ဝင်း ဖုန်း–၅၂၅၆၁၆၊ ဦးအေးဖေ ဖုန်း–၃၇၁၆၅၉၊ ဦးကျော်ဆွေ ဖုန်း–၅၅၆၈၉၄နှင့် ဒေါ်မြသီ ဖုန်း–၅၇၇၈၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**


## မီးသုံးစွဲလျှင် အသိယာဉ် အစဉ်သတိ အမြဲရှိ


## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**

**(၁၂–၂–၂၀၀၆) ရက်နေ့**

**နှင့်**

**(၂၆–၂–၂၀၀၆) ရက်နေ့**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ဘယသုဒ္ဓိလမ်း အမှတ် ၂၃ ကျောက်မြောင်းနေ ဦးမြင့်ဆွေ–ဒေါ်ညွန့်ညွန့်ဆွေတို့က ငွေကျပ် ၃၀၀၀၀၀ကို အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ရှေ့မှောက်၌ ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မန်းရွှေစက်တော်ဘုရားဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂ရက် နံနက်၈နာရီခွဲတွင် အဆိုပါပွဲတော်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် ဩဝါဒါစရိယဆရာတော်ကြီးများကြွရောက်တော်မူကြပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။**

ဖွင့်ပွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်ဂေါပကအဖွဲ့ဝင်များက ရွှေသားစက်လက္ခဏာတော်ကိုပင့်ဆောင်ရာ ဖွင့်ပွဲမုခ်ဦးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ထို့နောက် အောက်စက်တော်ရာအာရုံခံတန်ဆောင်းတော်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့်ဩဝါဒါစရိယ ဆရာတော်ကြီးများက အောက်စက်တော်ရာ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီးသည့်ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အောက်စက်တော်ရာသံဦးသျှောင်တော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အထက်စက်တော်ရာဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဆရာတော်ကြီးများက အထက်စက်တော်ရာအားဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြ၍ ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် မကွေးဆရာတော်နှင့်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အထက်စက်တော်ရာကိုဖွင့်လှစ်ပေးကြပြီး ခြေတော်ရာစေတီတော်အား ရွှေပြားသင်္ကန်းကပ်လှူပူဇော်ကြသည်။

အဆိုပါ မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု အင်္ဂလိပ်ဇာတ်လမ်းပမာထုတ်လွှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် စိုးမာ၏ **“တစ်မြေတည်းဖွား တစ်သားတည်းနေ”** မြန်မာဇာတ်လမ်းကို ဒေါက်တာခင်မောင်ညွန့် ဘာသာပြန်သည့် “Family of the same soil” အမည်ဖြင့် “Radio English Programme”က ဖေဖော်ဝါရီ၁၂ရက် ပြည်ထောင်စုနေ့ (တနင်္ဂနွေနေ့) ည၉နာရီခွဲတွင် ထုတ်လွှင့်မည်ဖြစ်ရာ စတီရီယိုတေးသံရှင် ကေဂျာနူးက မြန်မာ့အသံဝန်ထမ်းများနှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့ ဂရိတ်ဟိုတယ်၌လူသတ်မှု တရားခံအား နာရီပိုင်းအတွင်းဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၉လမ်း လမ်း၈၀နှင့်သံလမ်းအကြားရှိ ဂရိတ်ဟိုတယ်၌ ဖေဖော်ဝါရီ၈ရက် နံနက် ၈နာရီခွဲအချိန်ခန့်တွင် လူသတ်မှုဖြစ်ပွားခဲ့ရာ တရားခံအား နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ စုံစမ်းစစ်ဆေးချက်များအရ အသတ်ခံရသူမှာ ယင်းဟိုတယ်၌ တည်းခိုနေသူ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် နဝဒေးလမ်း အမှတ်၂၄၆နေ မအေးအေးသင်း(အဖ)ဦးမြစံ ဖြစ်ပြီး လူသတ်မှုကျူးလွန်သူမှာ မအေးအေးသင်းနှင့်အတူ တည်းခိုခဲ့သူ ဝမ်းတွင်းမြို့နယ် နတ်ကန်ရွာနေ ဝင်းမင်းအောင်(အသက်၃၀)ဖြစ်ကြောင်းသိရသည်။

ထို့နောက် ပြည်သူလူထု၏အကူအညီကိုရယူကာ တရားခံ ဝင်းမင်းအောင်(ခ)ဝင်းမြင့်အောင်(ခ) ပေါက်ပေါက်အား ယင်းနေ့နံနက်၁၀နာရီတွင် ရေစကြိုမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ထွက်ဆိုချက်များအရ ၎င်းသည် ၂၀၀၁ခုနှစ်က ဖဲလောင်းကစားမှုဖြင့် ထောင်တစ်နှစ်ကျခဲ့ကြောင်း၊ ဖေဖော်ဝါရီ၇ရက် နံနက်တွင် ရေစကြိုမြို့နယ် စိုင်သေကျေးရွာမှ မန္တလေးမြို့သို့ လာရောက်ခဲ့ရာ မွန်းလွဲ၂နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ ယင်းနောက် ယခင်က သိကျွမ်းဖူးသူ မအေးအေးသင်းအားခေါ်၍ ည၈နာရီကျော်ခန့်တွင် ဂရိတ်ဟိုတယ် အခန်းအမှတ် ၁၀၆၌ တည်းခိုခဲ့ကြောင်း၊ သို့သော်လည်း မအေးအေးသင်းမှာ နံနက်၃နာရီအချိန်အထိ စီဒီသီချင်းခွေဖွင့်ခိုင်းပြီး လိုက်ဆိုခြင်း၊ ပြင်ပသို့ ဖုန်းဆက်နေခြင်းများကြောင့် စကားများရန်ဖြစ်ပြီး မအေးအေးသင်းအား သတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ထို့နောက် မအေးအေးသင်းထံမှ ရွှေဆွဲကြိုးကို ယူဆောင်၍ နံနက်၄နာရီခန့်တွင် ဂရိတ်ဟိုတယ်မှ ထွက်ခဲ့ကြောင်း၊ ယင်းနောက် သီရိမင်္ဂလာကားဂိတ်မှ တစ်ဆင့် လိုင်းကားအဆင့်ဆင့်စီး၍ ပြန်လာစဉ် ရေစကြိုမြို့မှ စိုင်သေကျေးရွာသို့သွားသော လမ်းဆုံအရောက်၌ ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကို ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲကျင်းပ တိုင်းမှူးပိုလ်ချုပ်သာအေးတက်ရောက်၊ ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ဘိုးမင်းကြီးကင်းကျေးရွာအနီး ပျိုးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

**ကြည့်ရှုအားပေး**

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်နေမှုကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ခြံစည်းရိုး ကြက်ဆူစေ့၊ ကြက်ဆူဆီ၊ ကြက်ဆူပျိုးပင် နမူနာများနှင့် ဇီဝလောင်စာဆီအသုံးပြုမှုများ သရုပ်ပြ ရှင်းလင်းပြသမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

**မှာကြား**

ဆက်လက်၍ တိုင်းမှူးသည် စစ်ကိုင်းမြို့နယ် နှုံးတွင်းကျေးရွာအနီး နှုံးတွင်း(၃)တမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

နှုံးတွင်း(၃)တမံမှာ လယ်ဧက ၁၀၀သို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မုံရွာ- စစ်ကိုင်းကားလမ်းဘေး နှုံးတွင်းရွာမြောက်ဘက်သို့ ရေကျော်ခြင်းမှ ကာကွယ် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းမှူးသည် စစ်ကိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပျိုးဥယျာဉ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က ကြက်ဆူပင်ပျိုးထောင် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်ကိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး ရှင်းလင်းမှာကြားပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေး၍ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်နေမှုနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ခြံစည်းရိုးကြက်ဆူဆီဖြင့် လယ်ထွန်စက်၊ကုန်တင်ယာဉ် မြေကော်စက်ကြီး မောင်းနှင်သရုပ်ပြမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ထည့်သွင်းပျိုးထောင်ပေး**

ဆက်လက်၍ တိုင်းမှူးသည် စစ်ကိုင်းခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကောင်းမှုတော်ပျိုးဥယျာဉ်ရှိ ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးသည်။

အဆိုပါခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲများတွင် စစ်ကိုင်းခရိုင်အတွင်း ကြက်ဆူမျိုးစေ့ပျိုးပင် ၁၃၅၀၀၀ နှင့်မျိုးကိုင်းပျိုးပင် ၅၅၀၀၀ ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်းသိရသည်။

ယင်းနောက်တိုင်းမှူးသည် စစ်ကိုင်းတပ်နယ်ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲသို့တက်ရောက်၍ တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၃၀၀၀၀ နှင့်မျိုးကိုင်း ၁၀၀၀၀ ကိုပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးသည်။

**တက်ရောက်**

ဖေဖော်ဝါရီလ ၆ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့်စစ်ကိုင်းတိုင်း တတိယအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားပြီး တိုင်းမှူးက မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားဆုများအသီးသီးပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်း လိုက်ပြီးနောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်ပြခန်းကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံ ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမှု ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကြည့်ရှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန်မှာကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၄ရက်က ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ဘက်ရဲတစ်ဝိုက်ရှိ နွေစပါးဧက ၄၀၀ကျော်ကို ကွန်ချောင်းရေလှောင်တမံ ဆည်ရေဖြင့် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး တောင်သူလယ်သမားများ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်း ရရှိရေးကို မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် ကွန်ချောင်းရေလှောင်တမံ ပင်မတူးမြောင်း တစ်လျှောက်တွင် ဆည်ရေပေးမှု၊ ရေချအဆောက်အအုံများနှင့် နွေစပါးစိုက်ရန် လယ်ကွက်တွင်းသို့ ရေသွင်းမှု၊ ထွန်ယက်မြေပြုပြင်မှုနှင့် စိုက်ပျိုးပြီး နွေစပါး ခင်းတို့ကို ကြည့်ရှုသည်။

**ထပ်မံစိုက်ပျိုးလျက်ရှိ**

ပင်မတူးမြောင်းသည် ၂၃ဒသမ ၅မိုင် အရှည်ရှိပြီး ရေချအဆောက်အအုံ ၂၀ တူးမြောင်း အဆောက်အအုံ၆၃၅ခု နှင့် လက်တံမြောင်းခွဲ ၁၅ခုပါရှိပြီး ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ကို ရေပေးဝေလျက်ရှိသည်။ ကြံခင်းမြို့နယ်၌ ဧက ၃၀၀၀ကျော်နှင့် မြန်အောင်မြို့နယ်၌ ဧက ၃၀၀၀ကျော် နွေစပါးစိုက်ပျိုးပြီးဖြစ်ရာ ကြံခင်းမြို့နယ်၌ ဧက ၄၀၀၀ကျော် ထပ်မံစိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

**ဆည်ရေသိုလှောင်မှုကြည့်ရှု**

ယင်းနောက် ဝန်ကြီးသည် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကွန်ချောင်း(၂)ရေလှောင်တမံသို့ ရောက်ရှိ၍ ဆည်ရေသိုလှောင်မှုကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း ကံမမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တည်ဆောက်နေသည့် မဒေးရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းနှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် မဒေးရေလှောင်တမံ၏ ပေ ၂၀၀ အကျယ်ရှိသည့် ဘဲနှုတ်သီးပုံ ရေပိုလွှဲအောက်ခြေ၌ ကွန်ကရစ်လောင်းရန် ပြင်ဆင်မှုလုပ်ငန်းကို လည်းကောင်း၊ အလျားပေ ၄၆၈ ပေရှိသည့် ရေထုတ်ပြွန်ပြီးစီးမှုကိုလည်းကောင်း၊ တမံအမြင့် ၁၅၅ ပေ၊ အလျားပေ ၁၉၂၀ ရှိသည့် ပင်မတမံတွင် ချောင်းပိုင်း နေရာ၌ မြေဖို့၊ မြေသိပ်၊ မြေကြိတ်မှုကို စက်ယန္တရားများဖြင့် စုစည်းလုပ်ကိုင် နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**(အပေါ်ပုံ)(သတင်းစဉ်)**

**(၅၉) နှစ်မြောက် ပြည်ထောင်စုအလံတော် တစ်ညတာရပ်နားသည့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူ အားကစားကွင်း၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ ပြခန်းများနှင့် အရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၉ ရက်က ကျင်းပရာတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

**ဂုဏ်ပြုဆုပေးအပ်**

**မင်းလှမြို့နယ်အသင်း(ပဲခူးတိုင်း) ရန်ကုန်၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမမ္မာရုံ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံး နဝမအဆင့်ရ မဆုရည်မွန်အားအသင်းနာယက ဦးလှမိုးက ဂုဏ်ပြုဆုပေးအပ်စဉ်။** (က-ပ)

**ဖေဖော်ဝါရီ ၉ ရက်က သာကေတမြို့နယ် မြို့နယ်အဆင့် ဘက်စုံပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၁)သာကေတ မြဝတီခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးအေးကြိုင်က တက္ကသိုလ်ဝင်တန်း အောင်ချက်ရာနှုန်းအကောင်းဆုံးနှင့် အတက်တန်းဘက်စုံထူးချွန်ဆု အများဆုံးရရှိသည့် အထက(၃)ကျောင်းအုပ် ဆရာမကြီး ဒေါ်ဆွေဆွေဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၂၅၈)

# (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို လေးမျက်နှာမြို့ ပရဟိတ ဂေဟာသို့ ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက် ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန်(ဒသမ)အကြိမ်မြောက် ငွေလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့နာယက အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၇၇)၏ ပဓာနဦးစီး နာယကဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရက ဦးဆောင်၍ အောင်ဆန်းတောရ တပ်ဦးကျောင်း၌ ဖေဖော်ဝါရီ ၁၂ (ပြည်ထောင်စုနေ့)မွန်းတည့် ၁၂နာရီက ကျင်းပမည်ဖြစ်ရာ စေတနာရှင်အလှူရှင်များအနေဖြင့် အောင်ဆန်း တောရတပ်ဦးကျောင်း ဖုန်း- ၆၄၁၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ၁၁ ရက်တွင် ကျရောက်သော အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မန်နော့ချ် မိုတာကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံဖွင့်ပွဲ တက်ရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ မိုးကုတ်ပရိုက်ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။**

အခမ်းအနားတွင် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မိုးကုတ်ပရိုက်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက စက်ခလုတ်နှိပ်၍ စက်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

**တင်ပို့ရောင်းချ**

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်၌ ဥက္ကဋ္ဌ ဦးမျိုးမြင့်က စက်ရုံတည်ဆောက်ရသည့် အကြောင်းရင်းကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက အမှာစကားပြောကြားသည်။ အဆိုပါ စက်ရုံမှ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်သစ်များကို ခွဲစိတ်၍ သစ်အချောထည်များပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ၁၂ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပပုံများကို ဖေဖော်ဝါရီ၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက တိုက်ရိုက် ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဖေဖော်ဝါရီ ၁၀ ရက်က (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးပြိုင်ကွင်း၌ ကျင်းပရာ စက်ဘီးဖြင့် မြန်မာပြည်တစ်ပတ် လှည့်လည်ခဲ့ကြသည့် အသက်ကြီး အားကစားသမားများဖြစ်သည့် ဦးငပြူး၊ ဦးမျိုးမြင့်၊ ဦးဇော်မင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ တွေ့ရစဉ်။**

(မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများ ဖေဖော်ဝါရီ၁၂ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည်

ရောမ ဖေဖော်ဝါရီ ၁၀

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၅)ပြိုင်ပွဲများကို ဖေဖော်ဝါရီ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အင်တာနှင့် ဂျူဗင်းတပ်စ်၊ ရက်ဂျီနာနှင့် မီလန်၊ လီဗော်နိုနှင့် ဖီအိုရင်တီးနား၊ ဆီနာနှင့် ရိုးမားတို့ ပွဲများသည် အကြိတ်အနယ်ပွဲများအဖြစ် မြင်တွေ့ရဖွယ်ရှိသည်။**

အင်တာမီလန်နှင့် ဂျူဗင်းတပ်စ် အသင်းတို့သည် စီးရီးအေအမှတ်ပေးဇယား၏ ထိပ်ဆုံးရောက် နှစ်သင်းဖြစ်သည်။ ဂျူဗင်းတပ်စ်က ၂၄ပွဲကစားရာတွင် ပွဲ၂၀နိုင်ပြီး ၆၃မှတ်ဖြင့် ထိပ်ဆုံးရောက်နေပြီး အင်တာမီလန်အသင်းသည်လည်း ၂၄ပွဲကစားအပြီး ၅၄ မှတ်ဖြင့် ဂျူဗင်းတပ်စ်အသင်းနောက်မှ လိုက်နေသည်။

သို့ရာတွင် ဂျူဗင်းတပ်စ်က အင်တာမီလန်အသင်းကို ကိုးမှတ်ဖြတ်ထားနိုင်ပြီဖြစ်သည်။

၎င်းတို့နှစ်သင်းပွဲသည် ဖေဖော်ဝါရီ၁၂ ရက် ညပိုင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြမည့် ပွဲကြီးပွဲကောင်းဖြစ်ပြီး ခြေရည်တူ အစွမ်းပြကြမည့်ပွဲလည်း ဖြစ်သည်။ ဂျူဗင်းတပ်စ်အသင်းမှာ စီးရီးအေ၏ လက်ရှိချန်ပီယံပီပီ အထူး ခြေစွမ်းပြနိုင်မည့်ပွဲဖြစ်သည်။ ပြီးခဲ့သောသီတင်းပတ်က အင်တာမီလန်အသင်းသည် အဝေးကွင်း၌ ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ဂျူဗင်းတပ်စ်အသင်းသည်လည်း ပါးမားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**ဂျူဗင်းတပ်စ်အသင်းနှင့် ပါးမားအသင်းတို့ ယှဉ်ပြိုင်ရာတွင် ဂျူဗင်းတပ်စ် တိုက်စစ်မှူး ဒယ်ပယ်ရို ဂိုးသွင်းယူစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

**ရက်ဂျီနာနှင့် အေစီမီလန်**

ရက်ဂျီနာနှင့် အေစီမီလန်အသင်းတို့ပွဲသည်လည်း ဘောလုံးပရိသတ်များ စောင့်ကြည့်ရမည့်ပွဲကောင်းတစ်ပွဲဖြစ်သည်။ သို့ရာတွင် ရက်ဂျီနာအသင်းသည် နံပါတ်(၁၂)နေရာတွင်ရောက်နေပြီး အေစီမီလန်က တတိယနေရာတွင် ရှိနေသည်။ လက်ရှိအနေအထားအရ အေစီမီလန်အသင်း အနိုင်ရမည်ဟု မျှော်လင့်ရသည်။ အေစီမီလန်အသင်းသည် ယမန်နှစ်က စီးရီးအေဖလားနှင့် သာမက ချန်ပီယံလိဂ်ဖလားနှင့်ပါ တော့လွဲခဲ့ရသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် လီဗာပူးအသင်းအား ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မီလန်အသင်းသည် ပြီးခဲ့သောသီတင်းပတ်က ထရီဗီဆိုအသင်းအား ငါးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းပြီး အနိုင်ရထားသည့် အသင်းဖြစ်သည်။ ထို့အတူ ရက်ဂျီနာအသင်းသည်လည်း အူဒီးနိစ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသည်။

အဆိုပါ နှစ်သင်းစလုံး နိုင်ပွဲဆက်နိုင်ရေးအတွက် ခြေကုန်ထုတ် ကစားကြဖွယ်ရှိသည်။ သို့ရာတွင် မီလန်အသင်း၏ တိုက်စစ်ကို ရက်ဂျီနာအပြင်းအထန်ကာကွယ်ရဖွယ်ရှိသည်။

**လီဗော်နိုနှင့် ဖီအိုရင်တီးနား**

လီဗော်နိုနှင့် ဖီအိုရင်တီးနားပွဲသည် လက်ရှိအခြေအနေအရ ခြေတူကစားမည့်ပွဲဖြစ်ပြီး ဖီအိုရင်တီးနားက ဒုတိယမြောက်နိုင်ပွဲ ဆက်နိုင်သည်။ ပြီးခဲ့သော သီတင်းပတ်က ဖီအိုရင်တီးနား အသင်းသည် အင်တာမီလန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လီဗော်နိုအသင်းသည် ပြီးခဲ့သော သီတင်းပတ်က အက်စ်ကိုလီအသင်းကို ဂိုးမရှိ သရေကစားခဲ့သည်။

စီးရီးအေတန်းစီဇယားတွင် ဖီအိုရင်တီးနားအသင်းသည် နံပါတ်(၄) နေရာတွင်ရှိနေပြီး လီဗော်နိုက နံပါတ်(၆)နေရာတွင် ရပ်တန့်လျက်ရှိသည်။

**ဆီနာနှင့်ရိုးမား**

ဆီနာအသင်းနှင့် ရိုးမားတို့ပွဲသည် လက်ရှိအနေအထားအရ ရိုးမားတို့ ဆက်လက် အောင်ပွဲခံဖွယ်ရှိသည်။ ရိုးမားအသင်းသည် ပြီးခဲ့သောသီတင်းပတ်က ကက်ဂလီယာရီအသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည့် အသင်းဖြစ်သည်။ သို့ရာတွင် ရိုးမားအသင်းသည် ဆီနာအသင်း၏နောက်တန်းခံစစ်ကြောင်းကို ထိုးဖောက်ကစားရန် ခက်ခဲပေလိမ့်မည်။

စီးရီးအေ အမှတ်ပေးဇယားတွင် ရိုးမားအသင်းသည် နံပါတ်(၅)နေရာတွင်ရှိနေသည့်အသင်းဖြစ်ပြီး ဆီနာက နံပါတ်(၁၁)နေရာ၌ ရောက်နေသော အသင်းဖြစ်သည်။

ထိုနေ့တွင် ပါးမားနှင့် အက်စ်ကိုလီ၊ ကက်ဂလီယာရီနှင့် လက်ချီ၊ ဆမ်ဒိုးရီးယားနှင့် မက်ဆီနာ၊ အမ်ပိုလီနှင့် ပါလာမိုအသင်းတို့လည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(အင်တာနက်)**

## ပဲရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ မော်ရက်စ်မို လက်စွမ်းပြလာပြန်

ပါရီ ဖေဖော်ဝါရီ ၁၀

**သြစတြေးလျ အိုးပင်းတင်းနစ်ချန်ပီယံ မော်ရက်စ်မိုသည် ပဲရစ်အင်ဒိုးအိုးပင်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ဒူချီဗီနာအား ၆–၂၊ ၆–၂ ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။**

အဆိုပါပြင်သစ်နိုင်ငံသူ မော်ရက်စ်မိုသည် ပြီးခဲ့သောလက သြစတြေးလျ အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ သူမ၏ ကွာတားဖိုင်နယ်ပွဲအတွက် နောက်ထပ်ပြိုင်ဘက်မှာ လက်ရှိချန်ပီယံ ဒီနာနာဆာဖင်ဖြစ်သည်။

**ကွာတားဖိုင်နယ်တက်ရောက်**

ရုရှားနိုင်ငံသူ ဒီနာနာဆာဖင်သည် ဒုတိယအကျော့တွင် ပြင်သစ်မှ ရာဇာနိုအား ၆–၄၊ ၆–၃ဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ မော်ရက်စ်မိုနှင့်အတူ ရုရှားမှ ပီထရိုဗာ၊ ဆွစ်ဇာလန်မှ ကမ္ဘာ့အဆင့်(၇)ရှိ ပတ်တီရှနိုင်ဒါနှင့် ရုရှားသူ ဒီမင်တီဗာတို့လည်း ကွာတားဖိုင်နယ်သို့ အသီးသီးတက်ရောက်လာသည်။

**ပွဲကြီးပွဲကောင်း**

ပဲရစ်အင်ဒိုးအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲသည် ကွာတားဖိုင်နယ်တွင် ကမ္ဘာ့ထိပ်တန်း တင်းနစ်မယ်များ ဆုံတွေ့ကြမည့် ပွဲဖြစ်ပြီး ပွဲကြီးပွဲကောင်းတစ်ရပ်ဖြစ်လာသည်။

ရုရှားသူ ပီထရိုဗာက အစ္စရေးမှ စမတ်နိုဗာအား ၆–၄၊ ၆–၁ ဖြင့် နိုင်ပြီး ဆွစ်ဇာလန်သူ ရှနိုင်ဒါက ဘူလ်ဂေးရီးယားမှ ပီရွန်ကိုဗာအား ၆–၂၊ ၆–၄ ဖြင့် နိုင်ခဲ့သည်။ ဒီမင်တီဗာက ပြင်သစ်မှ ဒီချီကို ၇–၆၊ ၆–၄ ဖြင့် နိုင်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဒီမင်တီဗာ၏နောက်ထပ်ပြိုင်ဘက်မှာ ရှနိုင်ဒါနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပီထရိုဗာက ပြင်သစ်မှ ဂိုလိုဗင်နှင့် အိန္ဒိယမှ ဆန်နီယာမီဇာတို့ထဲမှ အနိုင်ရသူနှင့် ကွာတားဖိုင်နယ်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ပဲရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် မော်ရက်စ်မို၏ ယှဉ်ပြိုင်ကစားဟန်။**

(ဓာတ်ပုံ–အင်တာနက်)

**အဓိကပြိုင်ဘက်**

လက်ရှိအနေအထားအရ မော်ရက်စ်မိုနှင့် ဒီမင်တီဗာတို့သည် အဆိုပါဖလား၏ အဓိကပြိုင်ဘက် ဖြစ်လာနိုင်သည်။

မော်ရက်စ်မိုက သြစတြေးလျ အိုးပင်းဖလားဆွတ်ခူးခဲ့သလို ဒီမင်တီဗာကလည်း ပစိဖိတ်အိုးပင်းဖလားဆွတ်ခူးထားသူဖြစ်သည်။ ယင်းတို့နှစ်ဦး ယခုနှစ်ရာသီတွင် ဒဏ်ရာရရှိခြင်းမရှိသေးဘဲ ဖလားရရှိရေး ရေပန်းစားနေသူများပင်ဖြစ်သည်။

**(အင်တာနက်)**




## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ C.D.C(35652) စာအုပ်နှင့် 4 ticket လက်မှတ်၊ PSC,RB လက်မှတ်များ ၁-၂-၂၀၀၆ရက်တွင် အင်းစိန်-ဘိုကုန်း ထိပ်၌ကျပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဦးသက်ပိုင်**

**ဖုန်း-၆၄၂၉၃၄။**

မော်လမြိုင်မြို့ ကျိုက္ကသလ္လံစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် ဇန်နဝါရီ ၁၀ ရက်ကမော်လမြိုင်မြို့ အောက်ကျင်း ရပ်တရုတ်တန်းလမ်းနေ ဦးရွှေဟန်–ဒေါ်ခင်ညွန့်သားသမီးမြေးမြစ်နှင့် ဒေါက်တာခင်မောင်အေး၊ ဒေါက်တာ သန်းလှဲ့ဝင်း၊ သမီး ယဉ်မေသက်၊ လှဲ့ယဉ်ထက်မိသားစုတို့က ငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

## ဟားခါးမြို့၌ ဗာပွားလ်စာကြည့်တိုက်ဖွင့် စာအုပ်လှူဒါန်း၊ နံရံကပ်စာစောင်များပြသ

**ဟားခါး ဖေဖော်ဝါရီ ၆**

ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်၌ ဗာပွားလ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်ပေးအပ်လှူဒါန်းပွဲနှင့် နယ်လှည့် စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြ ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ဆိုင်ရာများကိုရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမန်းစိန်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇာကျုံးတို့က အဆိုပါ စာကြည့်တိုက်အတွက်သုတရသစာအုပ်များနှင့် မဂ္ဂဇင်းဂျာနယ် မျိုးစုံ အုပ်၅၀စီ လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးကေနဒီက လက်ခံရယူသည်။

ထို့နောက် ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဗာပွားလ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ပြသထားသော စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်တို့ကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ ဆက်)**

## ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ လှူမှုရေးထောက်ပံ့ငွေများပေးအပ်ပွဲ ဘားအံမြို့၌ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၆

**ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လူမှုရေးထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များအား တစ်မြို့နယ် လျှင်ကျပ်၁၀၀၀၀၀ဖြင့်လည်းကောင်း၊ လှိုင်းဘွဲ့ဖာပွန်၊ သံတောင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များအား တစ်မြို့နယ် လျှင်ကျပ်၁၅၀၀၀၀ဖြင့်လည်းကောင်း မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌများထံ ထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

## အခမဲ့ဆေးကုသ

**ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးခရိုင် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကျော်ဇံလှ ခေါင်းဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့ ဒီဇင်ဘာ ၂ရက်က ကျောက်တံခါးမြို့နယ် တောကျွဲအင်း ကျေးရွာသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

## ပျော်ဘွယ်မြို့၌ အခြေခံမြေတိုင်းသင်တန်းဖွင့်

**ပျော်ဘွယ် ဇန်နဝါရီ ၃၁**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ မိတ္ထီလာမြို့က ကြီးမှူးကျင်းပသည့် အခြေခံမြေတိုင်း သင်တန်းအမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီက ပျော်ဘွယ်မြို့နယ် သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်စား စူးစမ်းလေ့လာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး(ငြိမ်း)ဦးလှခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၅ရက်မှ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချ ကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

**ဒီဇင်ဘာ ၂၉ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ၊ အင်ဂျင်နီယာမှူး ဦးအောင်မောင်းနှင့် ဝန်ထမ်းများ ရွှေဘုံ ရတနာမင်္ဂလာ နန်းတော်အတွင်း သန့်ရှင်းရေး စုပေါင်း ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

**ချင်းပြည်နယ် တွန်းဇံမြို့ အမှတ် (၂)လမ်း မြေသားလမ်းအား စက်ယန္တရားဖြင့် တာပေါင်တိုးချဲ့ခြင်း၊ လုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ ၂၃ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ် စည်ပင်)



## ပေါက်ခေါင်း၌ ဆေးပဒေသာပင် လှူဒါန်း

ပေါက်ခေါင်း ဖေဖော်ဝါရီ ၅

**(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြို့နယ်ကျန်းမာရေးကြီးကြပ်မှု ကော်မတီက ကြီးမှူး၍ ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေများကို မြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မြင့်နိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။** (အောက်ပုံ)

**အဆိုပါ လှူဒါန်းပွဲ၌ မြို့နယ်ဆေးရုံအတွက် ငွေကျပ်၂၅ သိန်းနှစ်သောင်းကျော်နှင့် တောင်လည်တိုက်နယ်ဆေးရုံအတွက် ၁၆ သိန်းသုံးသောင်းကျော် စုစုပေါင်း ၄၁ သိန်းငါးသောင်းကျော် ထည့်ဝင်လှူဒါန်းခဲ့ကြသည်။**

(မြို့နယ် ထွေ/အုပ်)

## မြန်မာ့အသံ

**၁၂–၂–၂၀၀၆ (တနင်္ဂနွေနေ့)**
**(ပြည်ထောင်စုနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ ပြည်ထောင်စုနေ့ တိုက်ရိုက်အသံလွှင့်အစီအစဉ်

**နေ့လယ်ပိုင်း**

၀၉း၃၀ ဟောပြောချက် (တလုံးတစည်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့်)
၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အဝလိုသူများအကြောင်း– သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မုံရွာစက်မှုဇုန် ချည်နှင့် စောင်ထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဖြူနီညိုပြာ စိမ်းဝါတွေခြယ်သောအခါ)
၁၂း၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (ပြည်ထောင်စုနေ့)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (နှုတ်ခွန်းဆက်သည့် ဧရာဝတီ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ပြည်ထောင်စုနေ့ ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၆း၁၅ ဆွေးနွေးခန်း (ပြည်ထောင်စုနေ့ ပြခန်းများ)
၁၆း၅၀ ဟောပြောချက် (ရှမ်းရိုးရာ တူရိယာအကြောင်း)
၁၇း၀၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့မှ ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသံစုံ)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (စာပေဆုရလက်ရာများထဲက ပြည်ထောင်စုစိတ်ဓာတ်)
၁၇း၃၀ တေးရေးသူအကြိုက် (စိုးထွဋ်ခိုင်)
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉း၁၅ ရေဒီယိုအသံလွှင့်ဇာတ်လမ်း (ချစ်ပါရဲ့လားမေးစမ်းချင်)
၂၀း၃၀ ဆွေးနွေးခန်း (ပြည်ထောင်စုနေ့ အမွေတည်တံ့စေ– ဆင်ဖြူကျွန်း အောင်သိန်း)
၂၀း၄၅ English Lesson Working Knowledge

**ပခုက္ကူမြို့ အမှတ် (၁၁)ရပ်ကွက် ရွှေလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက် ပေးစဉ်။**

(မြို့နယ် စည်ပင်)



## သထုံခရိုင်လုံးကျွတ် ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များဖွင့်

**သထုံ ဇန်နဝါရီ ၁၇**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ဇန်နဝါရီ ၁၆ရက်က ၂၀၈ရွာမြောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြို့နယ်လုံးကျွတ်ရပ်ကွက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၁၃ တိုက်ဖွင့်လှစ်နိုင်ခဲ့ပြီး သထုံခရိုင် အနေဖြင့်လည်း ခရိုင်လုံးကျွတ်ရပ်ကွက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၆၅၉တိုက် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ခရိုင်နှင့်မြို့နယ်၌ ရပ်ကွက်ငါးခု၊ ကျေးရွာ ၁၉၅ရွာတွင် စာကြည့်တိုက် ၂၀၀ကို အောက်တိုဘာ ၁၁ရက်ကလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၌ ရပ်ကွက်ခြောက်ခု၊ ကျေးရွာ ၇၅ရွာ၊ စာကြည့်တိုက် ၈၁တိုက်ကို ဇူလိုင် ၃၁ ရက်ကလည်းကောင်း၊ ပေါင်မြို့နယ်၌ ရပ်ကွက်လေးခု၊ ကျေးရွာ ၁၆၁ရွာတွင် စာကြည့်တိုက် ၁၆၅ တိုက်ကို ဇူလိုင် ၃၀ရက်ကလည်းကောင်း၊ ဘီးလင်းမြို့နယ်၌ ရပ်ကွက်ငါးခု၊ ကျေးရွာ ၂၀၈ရွာတွင် စာကြည့်တိုက် ၂၁၃ တိုက်ကို ဇန်နဝါရီ ၁၆ ရက်ကလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် သထုံခရိုင်တွင်ခရိုင်လုံးကျွတ်ရပ်ကွက် ၂၀၊ ကျေးရွာ ၆၃၉ရွာတွင် စာကြည့်တိုက် ၆၅၉တိုက်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အများသိစေရန်

ဒေါ်ကျင်အေး(တီဂျေကေအင်န်-၀၀၈၁၉၁)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်အေးနှင့် ဦးလင်းကြည်(အိပ်ချ်ဂျီယူ-၀၉၅၄၂၈)တို့သည် သဃ်န်းကျွန်းမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီးရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ စာချုပ်အား ၄-၅-၂၀၀၅ရက်တွင် လက်မှတ်ရေးထိုးပြီးကြောင်းနှင့် လက်ထက်ပွားပစ္စည်းများအား နှစ်ဦးသဘောတူ ခွဲဝေယူပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မိ၊ တရားရုံးချုပ်ရှေ့နေ**
**အမှတ်(၇၅)၊ ၄၄လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၉၆၀၅၅၊ ၀၉-၉၉-၂၅၇၀၉။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၇ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၆၅)ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၈)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်၊(ခြေရင်းဘက်အခန်း)၂-လွှာအနက် မြေညီထပ်တိုက်ခန်းတစ်လွှာ အကျယ်အဝန်း၊ (ရေိယာ ၆၅ ပေxပေ ၂၀)အခန်းကို မူလပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်အုံးတင် ၁၀/မလမ(နိုင်)၀၁၄၁၂၃ ထံမှ အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ထိုအခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်သူများ မရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်မျိုးညွန့်၊ LL.B** | **ဦးမြင့်သိန်း၊ LL.B,D.I.L,D.A(Psy.)** |
| **ဥပဒေအကျိုးဆောင်** | **ဥပဒေအကျိုးဆောင်** |
| **အမှတ်(၃၅)၊ မြေညီထပ်၊ ၃၅-လမ်း၊** | **အမှတ်(၁၁)၊ ၆-လွှာ(ဝဲ)၊ ၄၅-လမ်း၊** |
| **ကျောက်တံတားမြို့နယ်၊** | **၉-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊** |
| **ရန်ကုန်မြို့။** | **ရန်ကုန်မြို့။** |

## ဒီကရီကို အတည်ပြုလုပ်ရန်အမိန့် မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေ၊ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်တိုင်း တရားရုံး**
**၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၁၄**
**၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၆**

ဒေါ်စန်းစန်းနိုင် **နှင့်** ဒေါ်မို့မို့လတ်
အမှတ် ၂၉၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တရားရှုံးဒေါ်မို့မို့လတ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၁၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားလိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်ရန် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်(၁၃၆၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်)မွန်းမတည့်မီ နံနက် ၁၀း၀၀နာရီအချိန်တွင် ရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်ဆွေရီ**
**တွဲဖက်တိုင်းတရားသူကြီး(၁၇)၊ ရန်ကုန်တိုင်းတရားရုံး။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါ ပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်သည့်နေ့ရက်/အချိန် |
|---|---|---|
| 1. Calcium Carbide | °150MT | ၂၀-၂-၂၀၀၆ မွန်းတည့် ၁၂နာရီ |
| 2.. Alkyd Resin (L.O.L) | 30MT | ၂၃-၂-၂၀၀၆ မွန်းတည့် ၁၂နာရီ |

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်-၅၅၉၂၃၃ သို့ ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။**

## အာရှဓနဘဏ်လီမိတက် (တရားရုံးတော်၏ အမိန့်ဖြင့် စာရင်းရှင်းလင်းဆဲ)တွင် ငွေနှင့် အခြားအမျိုးမျိုးအပ်နှံသူများ၊ မီရှင်များ လာရောက်ထုတ်ယူရန် နောက်ဆုံးရက်သတ်မှတ်ခြင်း

အာရှဓနဘဏ်လီမိတက် (တရားရုံးတော်၏ အမိန့်ဖြင့် စာရင်းရှင်းလင်းဆဲ)တွင် အပ်နှံငွေအမျိုးမျိုးအပ်နှံထားသူများ၊ Safe Locker Deposit °အပ်နှံထားသူများနှင့် မီရှင်များသည် မိမိတို့ရရန်ရှိသည်များကိုယခင်အာရှဓနဘဏ်ရုံးချုပ်၊ အိုလံပစ်တာဝါ (°II)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်တွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် တပေါင်းလဆန်း ၂ရက်) အင်္ဂါနေ့ ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ၊ ရပိုင်ခွင့်ရှိသည့် အထောက်အထားများ တင်ပြလျက် လာရောက်တောင်းခံ ထုတ်ယူကြပါရန် နောက်ဆုံးအကြိမ် အကြောင်းကြားအပ်ပါသည်။

ယခင်ဘဏ်၏ အုပ်ချုပ်သူများမှလည်း လုံလောက်သော အချိန်ပေးပြီးလျှင် သတင်းစာတွင် ကြော်ငြာလျက် ငွေများထုတ်ပေးခဲ့ပြီးဖြစ်သောကြောင့် ယခုအကြိမ်သည် နောက်ဆုံးနှင့် အပြီးသတ် ထပ်မံနိုးဆော်ခြင်းဖြစ်ပါသည်။ အဆိုပါသတ်မှတ်ချိန်ကျော်လွန်လျှင် အပြီးသတ်စာရင်းရှင်းလင်းခြင်းကိစ္စ ဆောင်ရွက်နိုင်ရန် လာရောက်မထုတ်ယူသည့် ငွေနှင့်ပစ္စည်းအားလုံးကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အပ်နှံမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**တရားဝင်စာရင်းရှင်းလင်းရေးအရာရှိ**
**အာရှဓနဘဏ်လီမိတက်**
**(တရားရုံးတော်အမိန့်ဖြင့် စာရင်းရှင်းလင်းဆဲ)။**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်း တရားရုံး တွဲဖက်တိုင်းတရားသူကြီး-၁၆**
**၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ် ၂၅၂၈**

ဦးထွန်းအောင် **နှင့်** (၁) ဦးသန့်ဇင်
(၂) ဦးမိုးနီ
(၃) ဦးစိုးအောင်
(၄) ဦးကိုလေး

**တရားလို** **တရားပြိုင်များ**

ဦးသန့်ဇင် အမှတ်(ဗီ/၇) ရွှေမဥ္ဇူလမ်း ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ ကမာရွတ်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးထွန်းအောင်က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သော နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စစ်တင်**
**တွဲဖက်တိုင်းတရားသူကြီး-၁၆၊**
**ရန်ကုန်တိုင်းတရားရုံး။**

## The Union of Myanmar
## Forest Products Joint Venture Corporation Limited
## Sealed Tender No.(04/2005-2006)

F.P.J.V.C Ltd Sealed Tender Sale will be held as follows.

| Commodity | Quantity (about Tons) | Location |
|---|---|---|
| (a) Teak Logs and Hardwood Logs | 300 | - South Dagon Depot. |

Closing Date: (21.2.2006) Tuesday (12:00) Noon.

Please Contact F.P.J.V.C Ltd, No.422-426, Corner of Botataung Pagoda Road and Strand Road for further details.

Tel: 202060., 202101 (ext)-127.

**Tender Committee**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပါရဂူဘွဲ့သင်တန်းသား/သူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် အောက်ပါ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။

(က) Engineering Physics
(ခ) Engineering Chemistry
(ဂ) Engineering Maths

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်းတစ်နှစ်နှင့် သုတေသနကျမ်းပြု နှစ်နှစ်၊ စုစုပေါင်း သုံးနှစ်သင်တန်းဖြစ်သည်။ ပါရဂူဘွဲ့အကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်သည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူဖြစ်ရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) သင်တန်းစတင်မည့် ၂၀၀၆ခုနှစ် မတ်လ ၁၅ရက်နေ့တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာအတွက် သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်း ထောက်ခံစာများ ယူဆောင်လာရမည်။

၅။ လျှောက်ထားသူများကို အောက်ပါအတိုင်း ဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်သည်-

**ရေးဖြေစာမေးပွဲ**

| နေ့ရက် | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၁-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့) | (က) အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀နာရီ | ရန်ကုန်နည်းပညာတက္ကသိုလ် နှင့် |
| | (ခ) သက်ဆိုင်ရာဘာသာရပ် | ၁၃း၀၀နာရီမှ ၁၆း၀၀နာရီ | မန္တလေးနည်းပညာတက္ကသိုလ် |

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၇-၃-၂၀၀၆ (အင်္ဂါနေ့)မှစ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် လူတွေ့စစ်ဆေးမည်ဖြစ်သည်။

၇။ ပါရဂူဘွဲ့အကြိုသင်တန်းများကို ၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် ၂၈-၂-၂၀၀၆ (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် နောက်ဆုံးထားလျှောက်ထားရမည်။ မိမိလျှောက်ထားသော တက္ကသိုလ်၌သာလျှင် ပါရဂူဘွဲ့သင်တန်း တက်ရောက်ရမည်ဖြစ်သည်။

၉။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် (ဖုန်း-၀၁-၆၅၁၇၂၀)နှင့် မန္တလေးနည်းပညာတက္ကသိုလ် (ဖုန်း-၀၂-၈၈၇၅၆)များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။




## အမြန်ရောင်းမည်

ဗဟန်း ရေတာရှည်လမ်းသစ် ယုဇနတိုက်ခန်း၊ ပ-ထပ် (၁၂ ½ x ၄၂)ပေ၊ တာမွေ မအူကုန်းရပ်ကွက် လုံးချင်း(၂၅x၄၂)ပေ။

**ဆက်သွယ်ရန်-ဖုန်း-၀၁-၇၀၅၆၃၀။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တရားရုံးချုပ်
**၂၀၀၅ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ်-၃၀၃**

ဦးခင်မောင်စိုး **လျှောက်ထားသူ**
**နှင့်**
ဒေါ်ဥမ္မာအောင်(ခ)မီးမီး **လျှောက်ထားခံရသူများ**
ပါ-၈

ဦးအောင်သန့်ဇင်(ခ)ပေါက်ပေါက်၊ အမှတ်(၂၇၇) ဝါးရောင်လမ်း (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ လျှောက်ထားခံရသူ သိစေရမည်။

လျှောက်ထားသူက မိမိအား ရန်ကုန်မြို့ တရားရုံးချုပ်၏ ၂၀၀၅ခုနှစ် တရားမပြင်ဆင်မှု အမှတ်(၁၂၀)တွင် ချမှတ်လိုက်သော ၂၀၀၅ခုနှစ် ဩဂုတ်လ (၁၉)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ ဖော်ပြ လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက တင်သွင်း၍ တရားရုံးချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ တရားရုံးချုပ်၊ တရားမဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ကန့်ကွက်ချက်များ တင်သွင်းလိုက တင်သွင်းရန် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် နံနက်(၁၀)နာရီအချိန်တွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-
**ဒေါ်စုငယ်**
**လက်ထောက်ညွှန်ကြားရေးမှူး၊ တရားမဌာန၊ ဌာနစု(၄)၊ တရားရုံးချုပ်၊ ရန်ကုန်မြို့။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မင်းသွင်(ဘ) ဦးအေးမောင်၏ မြန်မာနိုင်ငံကူးလက်မှတ် ၅၃၆၉၉၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဘိုကလေးမြို့နယ်(၈)ရပ်ကွက် (၁)လမ်းသို့ ပြန်လည်ပို့ပေးပါရန် မေတ္တာရပ်ခံပါသည်။ ကျေးဇူးဆပ်ပါမည်။ **မောင်မင်းသွင်။**

## သွာနုတ္တသမီးဖြစ်ကြောင်းကြေညာခြင်း

မကွေးတိုင်း မင်းဘူး(စကု) မြို့နယ် မင်းဘူးမြို့အမှတ်(၁)ရပ်ကွက် ကုန်းမြင့်သာရပ် အိမ်အမှတ် (၂၇-က) မင်းဘူးစကုလမ်းရှိ ဒေါ်သန်းစိန်ပိုင် အိမ်နှင့်ဝိုင်းမြေ အတွင်းနေ ဒေါ်စန်းစန်းမြင့် (အမျိုးသားမှတ်ပုံတင်အမှတ်-အမ်ဘီယူ ၀၀၅၇၉၄)ကိုင်ဆောင်သူသည် အသက် (၉၀)ကျော် မုဆိုးမမိခင်၏ စကားကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် မစန်းစန်းမြင့်အား ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် သတ်မှတ် ကြေညာပါသည်။

**ဒေါ်တင်မေ**
**အမ်ဘီယူ-၀၀၅၇၈၈**
**အမှတ်(၁)ရပ်ကွက်၊ မင်းဘူးမြို့။**

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည် ။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ဖြစ်ရမည် ။

(ဂ) ၁-၁-၂၀၀၆ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉-၂-၂၀၀၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၂-၂၀၀၆ ရက်နေ့မှ ၃-၃-၂၀၀၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက် သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသား စိစစ်ရေး လက်မှတ် ။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ (မူရင်း) ။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် ၄၅၀၀၊ ဒုတိယနှစ် ကျပ် ၅၀၀၀ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်နှင့်ထောက်ပံ့ငွေများ ရရှိမည်-

| | အဆင့်/အတန်း | အခြေခံ လစာ | အရည် အချင်း လစာ | M-H-R-A | သက်သာ ချောင်ချိရေး ထောက်ပံ့ငွေ | ပေါင်း |
|---|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး/စာရေး(တတိယတန်း) | ၅၃၀၀ | ၁၅၀ | ၁၀၀၀ | ၅၀၀၀ | ၁၁၄၅၀/- |
| (ခ) | တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း) | ၅၃၀၀ | ၂၀၀ | ၁၀၀၀ | ၅၀၀၀ | ၁၁၅၀၀/- |
| (ဂ) | တပ်ကြပ်ကြီး/စာရေး(ပထမတန်း) | ၅၃၀၀ | ၂၅၀ | ၁၀၀၀ | ၅၀၀၀ | ၁၁၅၅၀/- |
| (ဃ) | ဒုတိယအရာခံဗိုလ်/စာရေး | ၆၅၀၀ | ၂၅၀ | ၁၀၀၀ | ၅၀၀၀ | ၁၂၇၅၀/- |
| (င) | အရာခံဗိုလ်/စာရေး | ၇၁၀၀ | ၂၅၀ | ၁၀၀၀ | ၅၀၀၀ | ၁၃၃၅၀/- |

မှတ်ချက် ။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀/-နှုန်းဖြင့် ၅၀၀/- အထိခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး** အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း** သို့ လျှောက်ထားနိုင်သည်။

၉။ ထို့ပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးများတွင် မိသားစုနှင့်အတူ သွားရောက်၍အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက် ။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပမ/၁၃၁၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း၊ ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်။**

## (ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၂၃၅ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးသိန်းငွေဦး မှတ်ပုံတင် အမှတ် ၁၀/ပမန(နိုင်)၀၂၁၈၈၇ မှ မှတ်ပုံတင်စာအုပ်ပျောက်ဆုံးမိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(သထုံ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သထုံ)။**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မောင်ကျော်ဇင်လတ် ၁၂/မစတ(နိုင်)၀၈၄၀၈၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ပြုလုပ်ပြီး မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သည့်အတွက် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှလုံးဝ တာဝန်မယူပါ။ **ဖခင်–ဦးရွှေသန်း ၁၂/တမန(နိုင်)၀၂၀၁၁၆။**

## မင်္ဂလာဆုတောင်း

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျရောက်သော ချစ်လှစွာသော ကျေးဇူးရှင် **ဒယ်ဒီဦးနေထွန်း(အငြိမ်းစား၊ဗိုလ်မှူးကြီး)နှင့် မာမီဒေါ်ခင်လှလှ**တို့၏ (၅၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် သား၊ သမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်သားသမီးများ** – ဦးသောင်းထွန်း
– ဦးအုံ့ထွန်း–ဒေါ်အိအိခင်
– ဦးမျိုးသန့်–ဒေါ်စန်းစန်းထွန်း
– ဦးစောလှိုင်–ဒေါ်ခင်ခင်ထွန်း
– ဦးသန်းနိုင်–ဒေါ်အေးအေးထွန်း
– ဦးရဲထွန်း။

**ချစ်မြေးများ** – ပြည့်စုံ–မိစံ၊ မီးငယ်၊ အပါကြီး၊ အပါလေး၊ ကစ်ကစ်၊ ပုံ့ပုံ့၊ ပန်ပန်၊ ပိုပို၊ ဂျူဂျူ၊ သဲသဲ၊ ဦးဝိစာရအိမ်ရာ။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း လသာမြို့နယ် ဗိုလ်ရွှေလမ်း အမှတ်(၅၇/အေ)တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မြန်မာ့အလှူဆောက်လုပ်ရေးအဖွဲ့အား ၂၀၀၅ ခုနှစ် မေလ ၂၄ရက်စွဲပါ ဒါရိုက်တာအဖွဲ့ အစည်းအဝေး၏ဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်။

ဦးကျော်ခိုင် (အုပ်ချုပ်မှုဒါရိုက်တာ)
ဦးကျော်မြင့် (ဒါရိုက်တာအဖွဲ့ဝင်)
ဦးဖူးအောင် (ဒါရိုက်တာအဖွဲ့ဝင်)
ဒေါ်ခင်စန်းတင် (ဒါရိုက်တာအဖွဲ့ဝင်)နှင့်
ဦးအောင်ဝင်း (ဒါရိုက်တာအဖွဲ့ဝင်) တို့ဖြစ်ပါသည်။

သို့ဖြစ်ရာယနေ့မှစ၍ မြန်မာ့အလှူဆောက်လုပ်ရေးအဖွဲ့နှင့်ပတ်သက်သည့် ကိစ္စအဝဝအား အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ခိုင်နှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ မြန်မာ့အလှူဆောက်လုပ်ရေးအဖွဲ့**
**အမှတ် ၅၇/အေ၊ ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။**
**ဖုန်း–၂၄၆၉၂၉၊ ၀၉–၅၂–၀၀၅၆၁။**

## သမီးဦးရတနာ နာမည်ပေးကင်ပွန်းတပ်

၂၂–၁၂–၂၀၀၅ ရက်တွင်မွေးဖွားသော ဦးတင်အောင်မိုးနှင့် ဒေါ်နှင်းသန္တာတို့၏ သမီးဦးရတနာကို မမေဘရဏီခင်ဟု နာမည် မှည့်ခေါ်ပါရန်။

**ဖေဖေ ဦးတင်အောင်မိုး–မေမေ ဒေါ်နှင်းသန္တာ။**

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## ဈေးပြိုင်ချိပ်ပိတ်တင်ဒါအမှတ် ၁/၂၀၀၆

၁။ ဈေးပြိုင်ချိပ်ပိတ်တင်ဒါဖြင့် ရောင်းချမည့်ပစ္စည်းများမှာ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ခနိတောမှ အောက်ပါပစ္စည်းများ ဖြစ်ပါသည်။

**အုပ်စု(က)တာယာ၊ ကျွတ်ဖလက်နှင့် ကားပစ္စည်းအဟောင်းများ**

၁။ Lot (1)ကားတာယာအရွယ်အစားမျိုးစုံ (၃၅၁၉) လုံး
၂။ Lot (2)ကားကျွတ်၊ ဖလက်အဟောင်း (၂၉၄) လုံး
၃။ Lot (3)ကားပစ္စည်းအဟောင်း (၁၈) မျိုး

**အုပ်စု(ခ)အဆင့်ချပြီး ပီပါခွံဟောင်းများ**

၁။ Lot (1) အဆင့်ချပြီး ပီပါခွံဟောင်း (၁၀၀၀) လုံး
၂။ Lot (2) အဆင့်ချပြီး သံလျှင်ပယ်ပီပါ (၁၂၀၀) လုံး
၃။ Lot (3) အဆင့်ချပြီး ကြွေရည်သုတ်ပီပါ (၉၅၉) လုံး

၂။ တင်ဒါဆွဲဝယ်ယူလိုသူသည် ၁၃–၂–၂၀၀၆ရက်မှ ၂၄–၂–၂၀၀၆ရက် ၁၂:၀၀နာရီအတွင်း စီမံရေးဌာန အမှတ် ၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် စုံစမ်းဆောင်ရွက်နိုင်ပါသည်။

**စီမံရေးဌာန ဖုန်း–၂၉၂၆၁၀။**

## အများသိစေရန်

၄–၂–၂၀၀၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)၊ ကော်လံ ၄ ကြော်ငြာအရ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ၇ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ဖြည့်စွက်ဖတ်ရှုရန် ကြေညာအပ်ပါသည်။

**ဦးစိန်ရီ B.Sc., D.A.,R.L တရားရုံးချုပ်ရှေ့နေ**
**၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်။ ဖုန်း–၂၂၃၉၅၆။**

## ဦးအေးမင်း ၁၄/ပသန(ညှ) ၀၀၀၆၂၃ သိစေရန်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မြင့်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေအား စမ်းချောင်းမြို့နယ် မြေတိုင်းရပ်ကွက် ၂၈ (D)၊ မြေကွက်အမှတ်–၃၅၊ မြေငှားဂရန်မြေကွက်ပေါ်ရှိ အရပ်ခေါ် စမ်းချောင်းမြို့နယ် လင်းလွန်း (မြောက်) ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် (၂၃)ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်အကျိုးခံစားခွင့်တို့ကို အပြီးအပိုင် ရောင်းချပြီး ရောင်းချသည့် ပစ္စည်းကိုလည်း လက်ရောက်ပေးထား၍လက်ဝယ်ရရှိထားပြီးဖြစ်ပါသည်။ လူကြီးမင်းမှ ရောင်းချသောပစ္စည်းကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားဝင်ဖြစ်မြောက်စေရန် လိုက်လံဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုပြီးဖြစ်၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထားပြီး တရားဝင်အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ ပျက်ကွက်ပါက ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးသန်းအောင်(B.Sc, B.L)**
**တရားရုံးချုပ်ရှေ့နေ(၁၁၀၆)**
**နိုင်ငံတော်ပဗ္ဗလစ်**
**၈၂၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း–၅၁၀၆၂၈၊ ၀၉–၅၁–၀၅၂၃၄။**







## ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို အမေရိကန်ဒေါ်လာ(Free F.E) ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 8/MR/Rail Bus(M) 2005-2006 | IN-SERVICE RAIL BUSES | 10-Nos |

ချိပ်ပိတ်တင်ဒါပိတ်ရက် - ၉-၃-၂၀၀၆ ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၉-၂-၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၈၅၊ (၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂)။**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးသိန်းဝင်းသည် ၅-၂-၂၀၀၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိဘသဖွယ် ချစ်ခင်လေးစားရသော ဆရာတစ်ယောက် ဆုံးရှုံးရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဟိုတယ်ဝန်ထမ်းများ**
**(ညောင်ရွှေ-ခေါင်တိုင်)**
**စားသောက်ဆိုင်၊ စတိုးဆိုင်၊**
**ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊**
**စက်လှေဝန်ထမ်းများ၊ ဆန်စက်၊**
**ရေသန့်စက်၊ သကြားစက်ဝန်ထမ်းများ။**

## ကျေးဇူးတင်ရှိခြင်း

ဦးထွန်းအေး (မီးရထား-ငြိမ်း) အသက် (၈၇)နှစ် တောင်ငူ နာမကျန်းဖြစ်စဉ်က အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ နာရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော တောင်ငူ၊ ရေတာရှည်၊ ဥယျာဉ်တော် သစ်ရောင်းစက်မှဝန်ထမ်းများ၊ တောင်ငူဈေးကြီးမှ ဈေးသူဈေးသားများ၊ ပြည်တွင်းအခွန် ဝန်ထမ်းများ၊အမှတ် (၁၅)ရပ်ကွက် လူမှုရေးအသင်းသားများ၊ ဖုန်းဖြင့် သတင်းမေးအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

**သံတွဲခရိုင်အသင်း**
**မောင်မင်းဇော်ထွေး**
**(သံတွဲမြို့)**
**အသက်(၂၈)နှစ်**

သံတွဲမြို့၊ ရွှေဆံတော်ဘုရားလမ်း၊ အမှတ်(၄)ရပ်ကွက်နေ ဦးတင်သိန်း-ဒေါ်တင်ထွေးတို့၏သား၊ မစိုးစိုးခင်(ခ) မေဆွိ(အမှတ်-၆၈၊သစ်စက်)၏ခင်ပွန်းသည် ၆-၂-၂၀၀၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့။**

## အမည်ပြောင်း

ဦးခင်မောင်ဝင်း၏သား အထက (၂) (စစ်တွေ) အဋ္ဌမတန်းမှ မောင်ကျော်ဝင်းနိုင်အား မောင်အောင်ခန့်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ခန့်မောင်။**

## အမည်ပြောင်း

ဦးမောင်ဌေး၏သမီး အလက(၇) လှိုင် ဆဋ္ဌမတန်း(က)မှ မစုမြတ်လှိုင်အား မစုစုလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မစုစုလှိုင်။**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ဆ/၆၁၆၉ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅) ရက်အတွင်းကညန၊ပြည်နယ်ရုံး (တောင်ကြီး) သို့ ဆက်သွယ်နိုင်ပါကြောင်း။

**ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။**

**ကန့်ကွက်နိုင်ပါကြောင်း** ယာဉ်အမှတ်၃ခ/၇၄၃၁လက်ဝယ်ရှိသူက(ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကညန၊ ပြည်နယ်ရုံး(တောင်ကြီး)သို့ ဆက်သွယ်နိုင်ပါကြောင်း။ **ကညန၊ ပြည်နယ်ရုံး (တောင်ကြီး)။**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း**
**O.T.S (66) B.E (Mechanical)**
**အသက် (၄၆)နှစ်**

ပြင်ဦးလွင်မြို့နယ် တပ်မတော်နည်းပညာတက္ကသိုလ်ဝင်းနေ ဒေါက်တာခိုင်ဆွေသိန်း (ဗဟိုစည်အထူးကုဆေးခန်း)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းသည် ၄-၂-၂၀၀၆ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၂-၈၇ ဆေးတက္ကသိုလ်(၁) ရန်ကုန်**
**ကျောင်းသူ ကျောင်းသားဟောင်းသူငယ်ချင်းများ။**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း သန့်ဇင်ဦး(တတိယနှစ်) မန္တလေးဆေးတက္ကသိုလ်)၏မိခင် (ကြီးကြီး ဒေါ်တင်ရီ)သည် ၇-၂-၂၀၀၆ ရက် အင်္ဂါနေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကေရီတင်မြင့်၊ မေမြတ်ခိုင်၊ ငြိမ်းငြိမ်းချစ်၊ အိအိဝင်း၊ ချိုစုလှိုင်၊ စိုးစိုးဝေ၊ ဇာခြည်အောင်၊ ကေသွယ်အောင်၊ ခင်ချမ်းသာထွန်း၊ ငယ်မွန်ဖြိုး၊ ဆုယဉ်ကြာ၊ ခိုင်ပြည့်ပြည့်ဝင်း၊ စိုင်းယုနောင်၊ စိုင်းထွန်းလင်း၊ ဖွဲ့ဝင်းထွဋ်အောင်၊ အောင်ပြည့်စုံ၊ စိုင်းစည်တွမ်ခမ်း၊ စောအယ်ဖိုထူး။**

## ကျေးဇူးတင်ရှိပါကြောင်း

၆-၂-၂၀၀၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ကြီး ဦးမောင်ပုအား နာမကျန်းဖြစ်စဉ်က စေတနာ မေတ္တာဖြင့် ဝိုင်းဝန်းကူညီကုသပေးခဲ့သော ထွန်းဓာတ်မှန် အထူးကုဆေးခန်းပိုင်ရှင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ တပည့်များ၊ မိသားစုများအား လည်းကောင်း၊ အဘက်ဘက်မှ ပံ့ပိုးကူညီကြသော တပည့်များနှင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

**ဒေါ်ဝင်းမေနှင့်မိသားစု။**

## ကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်မေ နာမကျန်းဖြစ်စဉ် စောင့်ရှောက်ပေးကြသော သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် မိတ်ဆွေသူငယ်ချင်းများ၊ ဈာပနအတွက် အစွမ်းကုန်ကူညီပေးကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊(Myanmar Sutech Co.,Ltd.)မှ ဒါရိုက်တာအကြီးအကဲနှင့် ရုံးဝန်ထမ်းများ၊ ဈေးချိုတော်စိန်ရတနာမေအဖွဲ့၊ စိန်ကုန်သည်အဖွဲ့၊ သမဒါရိုက်တာအဖွဲ့၊ ဟေမာဇလရပ်ကွက်သူရပ်ကွက်သားများ၊ ရယကအဖွဲ့အားလည်းကောင်း၊ လူကိုယ်တိုင်လာရောက် အားပေးကြသူများ၊ တယ်လီဖုန်း၊ ကြေးနန်းဖြင့်နာရေးသတင်း မေးမြန်းကြသူ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
**ဦးငွေထွန်း B.A, B.L, B.J.S (မော်လမြိုင်)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၈၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ညွန့်ညွန့်တင်၏ခင်ပွန်း၊ မင်းမော်ကွန်း-မသင်ဇာလှိုင်၊ မောင်ကြည်သာဌေးလွင် (ကွန်ပျူတာတက္ကသိုလ်)၊ မောင်ရန်လင်းနိုင်၊ မောင် ထွန်းလင်းနိုင်၊မောင်အာသာ၊ဗိုလ်လောင်းငြိမ်းချမ်းအောင်(D.S.M.A)၊ မစိမ်းလန်းအောင် (နည်းပညာကောလိပ်၊ ပြည်မြို့)၊ မကေဇင်မျိုးထွန်းလင်း၊ မအေးမြတ်မျိုးထွန်းလင်း ($2^{nd}$ MB. IM-1)၊ မခိုင်မြတ်မျိုးထွန်းလင်း(Grade 9-A, T.T.C)၊မလှဲ့ဝတ်ရည်ညွန့်-မောင် ကျော်နိုင်စိုး၊ မသက်မှူးညီညီ(Grade XI-A ၊ အထက-၈၊ မန္တလေး)၊ မောင် ရွှင်လန်းအောင် (Grade 10-F, T.T.C)၊ မရွှန်းလဲ့စန္ဒီ (Grade 4-B, T.T.C)တို့၏အဘိုး၊ မောင်မင်းမြတ် (Grade II-F, T.T.C)၊ မလေပြေသွေး (IECM)၊ မောင်လူချော၊ မောင် လူလု၊ မခင်မေယမင်း၊ မခင်စန္ဒာနိုင်၊ မလင်းလက်တို့၏ အဘိုးသည် ၈-၂-၂၀၀၆ရက် နံနက် ၆း၂၂ နာရီတွင် YMC ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမြေးမြစ်များ။**

## ကျေးဇူးတင်ရှိခြင်း

၂၉-၁-၂၀၀၆ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဦးမြသန်း (ရွှေကျီးမင်းရွှေဆိုင်) အား ဆေးကုသပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့် ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ သတင်းမေးအားပေး နှစ်သိမ့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနကိစ္စ အဝဝတွင် အဘက်ဘက်မှ မေတ္တာထား၍ ကူညီ ဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝန်ထမ်းများနှင့် ရွှေပန်းထိမ်ဆရာကြီးများ၊ လွမ်းသူ့ပန်းခြင်းများနှင့် ပန်းခွေများပေးပို့ကြသော ဆွေမျိုးမိသားစု၊ မိတ်ဆွေများနှင့် ဝန်ထမ်းများ၊ ဝိုင်းဝန်းလိုက်ပါပို့ဆောင်ပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု။**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးငွေထွန်း (မော်လမြိုင်) B.A, B.L, B.J.S**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ရှေ့နေချုပ်ရုံး**
**မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်)၊ မုဒုံမြို့နယ်အသင်း(ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ဓမ္မစေတီ ရွှေကျင်ကျောင်းစာသင်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဝီရိယ၏ရဟန်း ဒါယကာကြီး၊ မော်လမြိုင်မြို့နေ (ဦးကျော်ညွန့်-ဒေါ်ခင်ထွေးမြင့်)တို့၏သား၊ မုဒုံမြို့နေ (ဦးမောင်ချစ်-ဒေါ်ခင်စိန်)တို့၏သားသမက်၊ အမှတ် ၁၈၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ညွန့်ညွန့်တင်၏ခင်ပွန်း၊ ဒေါ်ခင်နွယ်နွယ်ထွန်း-ဦးဇင်ဝိုင်း၊ ဒေါ်ခင်ကြည်ကြည်ထွန်း-ဦးခင်မောင်အုန်း(Kenneth D. Whiting)၊ ဒေါ်ခင်ချိုချိုထွန်း-ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဝင်း၊ ဒေါ်ခင်ညိုညိုထွန်း-ဦးမျိုးထွန်းလင်း၊ ဒေါ်ခင်ဝါဝါထွန်း-ဦးညီညီအေး(မြို့နယ်တရားသူကြီး၊ မော်လိုက်)၊ ဦးထွန်းအောင်ကြီး-ဒေါ်တင်တင်မြင့်၊ ဒေါ်ခင်ခန့်ခန့်ထွန်း-ဦးကျော်ဆန်းရွှေ(တော်ဝင်ပတ္တမြားဆောက်လုပ်ရေး)တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၂-၂၀၀၆ရက် နံနက် ၆း၂၂နာရီတွင် Yangon Medical Center ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ ကျောင်း၊ သာသနာ့မြေ ဒါယိကာမကြီး**
**ဒေါ်ရင်မေ (အမေ့သားစတိုး)**
**အလုပ်ရုံစိတ်မှူး(ငြိမ်း)၊တပ်မတော်အထည်ချုပ်စက်ရုံ**
**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပလရ ရပ်ကွက်၊အိမ်ခြေ ၅၀၊ ၂လမ်း၊ အမှတ် ၂၈/ခနေ [ဦးသိန်းဇော်(ခ)ဦးသာသန]၏ဇနီး၊ ဦးမြသိန်း-ဒေါ်ထားထားဇော်(ရွှေစင်)၊ (ဦးဇော်စိုး)-ဒေါ်ခင်လှညွန့်၊ ဦးသန်းဌေး-ဒေါ်မေဝင်းဇော် အရာခံဗိုလ်ဇော်မင်းညွန့်- ဒေါ်မေနှင်းဇော်(ကူမဲမြို့)၊ ဦးမြဝင်း-ဒေါ်အေးအေးဇော်(တပ်မတော်အထည်ချုပ်စက်ရုံ)၊ တကကသန့်ဇော်စိုး(ဖူးကြီး)၊ ဦးသက်ဇော်စိုး၊ ဦးညီညီဇော်စိုး( Suntac Technologies)-ဒေါ်စပယ်အောင် (Inforithm-Maze)၊ ဦးဇော်မင်းနိုင်စိုး-ဒေါ်အေးမြင့်ခိုင်(ခိုင်ဇော်မိတ္တူ)တို့၏မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၂-၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**သိက္ခာတော်ရဆရာတော် ဦးမျိုးအောင် အသက်(၆၉)နှစ်**
**ထုံးကြီးတေလဂူနှစ်ခြင်းအသင်းတော်**
**(ဌာနခွဲစာရေးကြီး၊ ငြိမ်း၊ လမ်းဦးစီး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူမောင်လမ်း၊ တိုက် ၈(A)၊ အခန်း၁၉နေ (ဦးအေးနတ်-ဒေါ်နော်)တို့၏ သား၊ (Rev:ဦးဂျက်ကော့ - ဒေါ်ဖလော်ရီ) တို့၏ညီ၊ ဒေါ်ထွေးရီ၏ခင်ပွန်း၊ မရီရီအောင် (အထက်တန်းစာရေး၊အဝေးသင် တက္ကသိုလ်)၊ ဦးမိုက်ကယ်သက်ရှည် (MCC-FFL)-ဒေါ်မြင့်မြင့်ရီ(နည်းပြ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ဝင်းအောင်-မခင်မိုးမိုး၊ ဆရာ ဝင်းဇော် (လ/ထ သင်းအုပ်၊ ထုံးကြီး)၊ မမြင့်မြင့်သန်း၊ ဆရာဒါဝိဒ်(SSK BMS)၊ မတင်တင်ထွေး (MCC-FFL) တို့၏ ဖခင်၊ မြေးလေးယောက် တို့၏အဘိုးသည် ၈-၂-၂၀၀၆ရက် ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌အိပ် ပျော်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် နံနက် ၉နာရီတွင် ရန်ကုန် မြို့မကရင် နှစ်ခြင်းအသင်းတော်၌ ဆုတောင်းဝတ် ပြုပြီးနောက် ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း**
**ဒါယကာကြီး**
**ဦးငွေထွန်း (မော်လမြိုင်)**
**B.A, B.L, B.J.S**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊**
**ရှေ့နေချုပ်ရုံး**
**အသက်(၇၃)နှစ်**

မော်လမြိုင်မြို့နေ (ဦးကျော်ညွန့်-ဒေါ်ခင်ထွေးမြင့်)တို့၏သား၊ ဒေါ်မြင့်မြင့်-(ဦးစိန်မွန်း)၊ (ဦးအေးကြူ-ဒေါ်သိန်းမြ)၊ (သမားတော်ကြီး ဒေါက်တာဦးစိန်ဦး)-ဒေါ်မြမြနွဲ့တို့၏အစ်ကိုကြီးသည် ၈-၂-၂၀၀၆ရက် နံနက် ၆း၂၂နာရီတွင် Y.M.C ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမောင်နှမများ။**

**ဦးသိန်းတုပ် (မကွေးမြို့)**
**B.A, B.Ed**
**ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**
**အသက်(၇၅)နှစ်**

နတ်မောက်မြို့ (ဦးရှန်ငါး-ဒေါ်အေးကြည်)တို့၏သား၊ (ဦးမင်းဇင်-ဒေါ်ချစ်)တို့၏သားသမက်၊ မကွေးမြို့၊ ပြည်တော်သာ၊ တိုက် ၆၊ အခန်း ၈နေ ဒေါ်ရင်ရင်၏ခင်ပွန်း၊ ဦးအေးသွယ်(စိုက်ပျိုးရေးမန်နေဂျာ၊ ထူးမြေရိုင်းဖော်ထုတ်ရေး)-ဒေါ်မာလာသိန်း(ရုံးအဖွဲ့မှူး၊ ထူးမြေရိုင်းဖော်ထုတ်ရေး)တို့၏ဖခင်၊ ဒေါ်ကြွယ်ဖြိုးဖြိုးအေး (Office & Admin Manger Aureum Palace Hotel, Bagan)၊ မောင်ကျော်ထက်အောင် [နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးတက္ကသိုလ်၊ မကွေး]တို့၏အဘိုးသည် ၂၄-၁-၂၀၀၆ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၀၆ရက်တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ဦးဝီရန်ဝှက်
**အသက်(၈၉)နှစ်**

(ဦးဝီးကွီးကွီး-ဒေါ်ဉာဏ်)တို့၏သား၊ (ဦးမြ-ဒေါ်ကျစ်လာ)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးဖိုးထူးလမ်း၊ အမှတ် ၁(ခ)နေ ဒေါ်ကျင်ငွေ၏ခင်ပွန်း၊ (ဦးစိုးလွင်-ဒေါ်တင်လှ)၊ ဒေါ်သန်းသန်းအေး(ဒုညွှန်ချုပ်၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်သန်းသန်းဝင်း(စာရင်းစစ်မှူး၊ ကြည့်မြင်တိုင်မြို့နယ် စာရင်းရုံး)၊ (ဦးခင်လှိုင်-ဒေါ်စန်းစန်းလွင်)၊ ဒေါ်သန်းသန်းမော်(ဆည်မြောင်း၊ရုံးချုပ်)၊ ဦးစိန်မိုး(အော်တိုတယ်လီဖုန်း)-ဒေါ်အေးအေးသွယ်(အော်တိုတယ်လီဖုန်း)၊ ဦးမြင့်စိုး(မြောက်ပိုင်းခရိုင် စီမံကိန်းရုံး)-ဒေါ်ဌေးဌေးစိန်(စီမံကိန်းရုံး)၊ ဦးခင်စိုး(လားရှိုး၊ အကောက်ခွန်)-ဒေါ်ရီရီချို့တို့၏ဖခင်၊ မြေး၉ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဘေးသည် ၉-၂-၂၀၀၆ရက် နံနက် ၈း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးဘစိန် (ဖွေးလက်) ဂင်ဇာစတိုး
**(မော်ကွန်းဝင်ဒုတိယဆင့်)**
**အမျိုးသားကျောင်းသားဟောင်း**
**အသက်(၈၄)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၀ x ၈၁လမ်းကြား၊ ၂၉လမ်းနေ ဒေါ်ခင်မမ၏ခင်ပွန်း၊ ဦးကိုကိုစိန်-ဒေါ်ဝေယဉ်နွယ်၊ ဦးခင်မောင်စိန်-ဒေါ်သန်းသန်းမာ၊ ဦးအောင်ခိုင်စိန်-ဒေါ်အေးအေး(ငြိမ်း)၊ ဦးဝင်းနိုင်စိန်-ဒေါ်အယ်နန်ကိုင်၊ ဒေါ်တိုးတိုးစိန်တို့၏ဖခင်၊ ဝိုင်းမမ၊ သွဲ့မမ၊ ဟိန်းကိုကို၊ ဖွဲ့မောင်မောင်၊ မျိုးညီညီ၊ ပွင့်မမ၊ ဝင်းထက်ထက်တို့၏အဘိုးသည် ၉-၂-၂၀၀၆ရက် (ကြာသပတေးနေ့)ည ၁၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ၈၀ x၈၁လမ်းကြား၊ ၂၉လမ်းနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ငွေရင် (စာရေးဆရာမ-မလေးယဉ်)
**(ဌာနခွဲစာရေးကြီး၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ ငြိမ်း)**
**ဒိုက်ဦးမြို့နယ်အသင်း ရာသက်ပန်အသင်းဝင်**
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးအရှေ့ပိုင်းရပ်ကွက်၊ အမှတ် ၉၄(သုံးလွှာ)၊ ၉၂လမ်းနေ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်-လက်ထောက်စာတည်း မြဝတီစာပေတိုက်၊ ငြိမ်း၊ ဥက္ကဋ္ဌ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ အမှုဆောင် နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်ရိပ်သာ ဗဟန်း၊ တွဲဖက်အတွင်းရေးမှူး YMBA အသင်း၊ တွဲဖက်အတွင်းရေးမှူး ပခုက္ကူအသင်း၊ အမှုဆောင် ဓမ္မစာဆိုများပူဇော်ပွဲကော်မတီ ချမ်းအေးရိပ်သာ)၏ဇနီး၊ ဦးအေးလွင်(ပတ္တမြားပန်းစက်မှုလက်မှုလုပ်ငန်း)-ဒေါ်သီတာစိုး(ရွှေပန်းချီကုမ္ပဏီလီမိတက်)၊ ဦးသန့်ဇင်ဦး(3rd Officer Lizstar Co.)-ဒေါ်ကေသီစိုး(ရွှေပန်းချီကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မောင်ရန်မျိုးအောင်၊ မောင်ထွဋ်ခေါင်ကျော်၊ မောင်ဘုန်းနိုင်အောင်တို့၏အဘွားသည် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ၉-၂-၂၀၀၆ရက် မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ငွေရင် (စာရေးဆရာမ-မလေးယဉ်)
**ဌာနခွဲစာရေးကြီး၊ အုတ်ကျင်းဂုန်နီစက်ရုံ(ငြိမ်း)**
**(ဒိုက်ဦးမြို့နယ်အသင်းရာသက်ပန်အသင်းဝင်)**
**အသက်(၆၆)နှစ်**

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောရွာ (ဦးစံခိုင်-ဒေါ်ကြူ)၏သမီး၊ အမှတ် ၉၄ (သုံးလွှာ)၊ ၉၂လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်-လက်ထောက်စာတည်း မြဝတီစာပေတိုက်၊ ငြိမ်း၊ ဥက္ကဋ္ဌ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗဟိုဦးစီးအဖွဲ့ဝင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ အမှုဆောင် နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်ရိပ်သာ ဗဟန်း၊ တွဲဖက်အတွင်းရေးမှူး YMBA အသင်း၊ တွဲဖက်အတွင်းရေးမှူး ပခုက္ကူအသင်း၊ အမှုဆောင် ဓမ္မစာဆိုများပူဇော်ပွဲကော်မတီ ချမ်းအေးရိပ်သာ)၏ဇနီး၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောရွာနေ (ဦးညွန့်မောင်)၊ (ဦးစိန်မောင်-ဒေါ်တင်တင်)၊ (ဦးစောမောင်)-ဒေါ်ခင်ညွန့်၊ ဦးညိုအေး(ခြင်္သေ့သုံးကောင်ဆေးလိပ်ရုံ)-ဒေါ်စိန်မှုံ၊ ဦးထွေးတင်-(ဒေါ်စိန်တင်)၊ ဦးထွန်းကြိုင်-ဒေါ်တင်နု၊ ဒေါ်သန်းမြင့်(အုတ်ကျင်းဂုန်နီစက်ရုံ၊ ငြိမ်း)၊ (ဦးစိုးသန်း-ဒေါ်ငွေနှင်း)တို့၏ညီမ၊ (အရာခံဗိုလ်စစ်အောင်၊ မော်ဘီလေတပ်၊ ငြိမ်း၊ ရွှေအင်းဝကုမ္ပဏီ)-ဒေါ်နွဲ့အေးတို့၏အစ်မ၊ သမီးနှစ်ယောက်၊ မြေးသုံးယောက်တို့၏အဘွားသည် ၉-၂-၂၀၀၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

## ဦးဉာဏ်ထွန်း
**B.E (EP) 1973**
**လျှပ်စစ်အင်ဂျင်နီယာမှူး(ငြိမ်း)**
**အမှတ်(၃)သတက၊**
**သတ္တုတွင်းဝန်ကြီးဌာန**
**အသက်(၅၆)နှစ်**

ဘုတလင်မြို့နေ (ဦးတင်လှ-ဒေါ်အုန်းခင်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ အမှတ် ၂၅၀၊ သခင်ဖိုးလှကြီးလမ်းနေ ဦးစောမောင်-ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ ဘုတလင်မြို့နေ ဦးဝင်းရွှေ-ဒေါ်ခင်အေး၊ ဦးချစ်ဆွေ-ဒေါ်ခင်ဝင်းမြင့်တို့၏မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း၊ တိုက် ၂၀၊ ခြောက်လွှာ(ဘီ)နေ ဒေါ်မူမူမြင့်၏ခင်ပွန်း၊ မောင်သက်ထွန်းဦး (ခေတ္တ-UK)၊ မောင်မျိုးသစ်ထွန်း၊မယုဝါထွန်းတို့၏ဖခင်သည် ၉-၂-၂၀၀၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးနေဝင်း(၄)
**(မြို့နယ်မှူး)**
**မြို့နယ်အကောက်ခွန်ဦးစီးဌာန၊**
**ကော့ကရိတ်မြို့**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၃၁၀(ခ)၊ သစ္စာလမ်း၊ (၉)ရပ်ကွက်နေ (ဦးအောင်ငြိမ်း-ဒေါ်တင်မေ)တို့၏သားကြီး၊ (ဦးထွန်းတင်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဦးချစ်မြ၏တူ၊ ဦးခင်မောင်မြင့်-ဒေါ်ရွှေချော(မင်္ဂလာမွန်ဈေး)၊ ဦးခင်မောင်ဆန်း-ဒေါ်နီနီစိုး၊ ဒေါ်ခင်မာဆွေ၊ ဦးခင်မောင်သန်း-ဒေါ်ခင်မြချစ်တို့၏အစ်ကိုကြီး၊ ဒေါ်မို့မို့ထွန်း၏ခင်ပွန်း၊ မမြတ်မိုမိုကျော်၊ မခိုင်ချိုနေဝင်းတို့၏ဖခင်၊ တူ တူမ လေးယောက်တို့၏ဘကြီးသည် ၉-၂-၂၀၀၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာ**
## ဦးအောင်ကြီး (ခရမ်းမြို့)
**မော်ကွန်းဝင်ဒုတိယဆင့်**
**စက်မှု(၁)အထည်(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ ချစ်ရပ်ရှင်ရုံပိုင်ရှင် (ဦးဘချစ်-ဒေါ်တင်)တို့၏သား၊ တောင်ငူမြို့နေ (ဦးကီဖွန်း-ဒေါ်နှင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁လမ်း၊ အမှတ် ၈၃၁နေ(ဒေါ်ကြင်စိန်-လူထုပညာရေးမှူး)၏ခင်ပွန်း၊ ဦးကျော်စန်းလင်း(ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ E.D.H နည်းပြ)-ဒေါ်နုနုစိန် (အထက-၃၊ ဒဂုံ)၊ ဦးစန်မင်း(ဒေသခံကိုယ်စားလှယ်၊ RIO Shipping Co., New Day Color Seperation)-ဒေါ်မာလာဝင်း၊ဦးသိန်းဦး(Evergreen Off-set)-ဒေါ်ဝင်းဝင်းခိုင် (နန်းသပြေမိတ္တူနှင့်စာရေးကိရိယာ)တို့၏ဖခင်၊ ဦးရဲမြင့်(Oiler, RIO Shipping)၊ ဒေါ်ကေသီခိုင်ငြိမ်း(တရားရေးဝန်ထမ်းအဆင့်-၄၊ တွံတေးမြို့)တို့၏ဘကြီးသည် အာရှတော်ဝင်ဆေးခန်း၌ ၈-၂-၂၀၀၆ရက် ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**(၁၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း**
## ဦးအေးအုန်း
**တရားရုံးချုပ် တရားသူကြီး(ငြိမ်း)**

အဖေကြီး ခင်တို့နှင့်ခွဲခွာသည်မှာ ၁၁-၂-၂၀၀၆ရက်တွင် (၁၄)နှစ်ပြည့်သော်လည်း နေ့စဉ်နှင့်အမျှ သတိရဆဲပါ။ အဖေကြီးအတွက် ပြုလုပ်ခဲ့ပြီးသမျှနှင့် ပြုလုပ်ဆဲကုသိုလ်ကောင်းမှုအားလုံးကို ရောက်လေရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ဇနီး-ခင်ခင်ကြီး**
**သား-ဒေါက်တာသာရင်မြတ်၊ သမီးဒေါ်နွယ်နွယ်အေးနှင့်**
**မြေး-မချောစုမြတ်။**

**ဝမ်းနည်းကြေကွဲခြင်း**
## P.A.S.B David Sing Khan Lian(ခ)
## ဦးမြင့်အောင်
**အသက်(၇၀)**

ရန်ကုန်မြို့၊ အမှတ် ၅၁(မြေညီထပ်)၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ကိုကို၊ မမျိုးမျိုးမော်နှင့် Ma Helenတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၅-၂-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မထားထားရီ၊ ခင်နှင်းယု၊ ဝင်းပပ။**

## ဒေါ်ညွန့်ညွန့်စန်း (အန်တီနီ-မန္တလေး)
**B.Sc (Phy)**
**အသက်(၆၁)နှစ်**

အမှတ် ၃၉၇/၁၊ ပဒေသာပင်ဝင်း၊ ရသာတန်း၊ မန္တလေးမြို့နေ (ဦးစန်းမောင်-ဒေါ်သောင်းမေ)တို့၏သမီး၊ ဒေါ်တင်စန်း၊ (ဦးမြင့်စန်း)၊ (ဗိုလ်ကြီးမြစန်း)၊ ဦးလှစန်း၊ (ဒေါ်အမာစန်း)၊ ဒေါ်အေးအေးစန်းတို့၏ညီမ၊ ဒေါ်မီမီစန်း၊ ဒေါ်ကြည်ကြည်စန်း၊ ဒေါ်မို့မို့စန်းတို့၏အစ်မ၊ ခင်သီရိနန္ဒာစိုး(ခေတ္တ-USA)၏မိခင်သည် ၈-၂-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၁နာရီတွင် တိုကျိုမြို့ အိုစုကာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် တိုကျိုမြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးစိန်ဦး (ထောင်မှူး၊ ငြိမ်း)
**ဒုရဲအုပ်လောင်းသင်တန်း၊ သူရအမှတ်စဉ်(၁၅)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာရပ်ကွက်နေ ဦးစိန်မောင်(မီးရထား၊ ငြိမ်း)-ဒေါ်အုန်းညွှန့်တို့၏သားကြီး၊ သန်လျင်မြို့၊ ဝိဇ္ဇာလမ်း၊ အမှတ် ၁၀နေ (ဦးချစ်မောင်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ မောင်သုထက်အောင်(တ-နှစ်၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မချောစု(B.A, Eco)၊ မနေဇင်ယု(ပ-နှစ်၊ အရှေ့ပိုင်းတက္ကသိုလ်) တို့၏ ဖခင်၊ ဦးအေးဟန်(ဦးအေးဟန်-သစ်စက်)-ဒေါ်ခင်နွဲ့ကြည်၊ ဦးသန်းဦး(ဦးစီးအရာရှိ၊ စစစ၊ရန်ကုန်တိုင်း) ဒေါ်မိမိစိန်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏အစ်ကို၊ မောင်ကောင်းပြည့်စုံ[X(B) TTC]၊မောင်စိုးပိုင်ထွန်း[IX(C) TTC]တို့၏ဘကြီးသည် ၉-၂-၂၀၀၆ရက် (ကြာပတေးနေ့) ည ၉း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pa.S.B.David Sing Khan Lian
## (ခ) ဦးမြင့်အောင်
**The Hornbills**
**အသက်(၇၀)**

ရန်ကုန်မြို့၊ အမှတ် ၅၁၊ မြေညီထပ်၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်မာလာ၏ခင်ပွန်း၊ Go Suan Mang (ချင်းကိုကို)-မမျိုးမျိုးမော်၊ Molly Len Lam Niang-Joseph Rajan၊ Thang Khawm Mung(အကြူး)၊ Pum Sian Langh(ပေါက်ပေါက်)-မဝင်း၊ Mary Cing Suan Dim - Rev.Dr.Kham Khan Khai၊ Helen Man Sian Lunတို့၏ဖခင်၊ Samuel Pau Sian Khai၊ Jonathan Lian Suan Khaiတို့၏အဘိုးသည် ၅-၂-၂၀၀၆ရက် (တနင်္ဂနွေနေ့)နံနက် ၈း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၁-၂-၂၀၀၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဝတ်ပြုခန်းမဆောင်တွင်ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မောရွှေလဘုရားကျောင်းရှေ့၊ Full-Gospel ဘုရားကျောင်းရှေ့နှင့်နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်**
**ဒါယကာကြီး**
## ဦးတင်ရွှေ (ကျိုက်လတ်မြို့)
**(ရွှေဟင်္သာမုန့်နှင့်အလျှူမီနီယံလုပ်ငန်း)**
**အသက်(၇၁)နှစ်**

ကျိုက်လတ်မြို့၊အမှတ် ၂၇၊ ၁၅x၁၆၊ လမ်းမတော်လမ်း၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်သန်းရီ၏ခင်ပွန်း၊(ဦးလှမောင်)-ဒေါ်သန်းသန်း၊ (ဦးချစ်လှိုင်-ဒေါ်သိန်းရှင်)၊ ဦးကြည်တင်-ဒေါ်အေးသန်း၊ ဦးလှဝေ(မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောင်းမြမြို့)-ဒေါ်သန်းသန်းမြင့်၊ ဗိုလ်မှူးကြီးမြင့်သိန်း-ဒေါ်ဖေဖေတင်တို့၏အစ်ကိုကြီး၊ ဦးလှစိန်-ဒေါ်တင်မြင့်၊ ဦးထွန်းထွန်း- ဒေါ်အမာကြည်၊ ဦးသိန်းထွန်း-ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်ရွှေ-ဒေါ်စန်းစန်းမြင့်၊ ဦးသော်ဝင်း-ဒေါ်လှမြင့်၊ ဦးမြဝင်း၊ ဒေါ်ခင်မာ၊ ဦးစိုးမြင့်ဦး-ဒေါ်အေးအေးဌေးတို့၏ဖခင်၊မြေး ၁၄ယောက်တို့၏အဘိုးသည် ၉-၂-၂၀၀၆ရက် နံနက် ၅း၄၅နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ဇလွန်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အေးလှ
**အသက်(၉၉)နှစ်**

ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ကော့ကပ်ရွာနေ (ဦးစံဖလူး-ဒေါ်မေခင်)တို့၏သမီး၊(ဦးလှဘော်)၏ဇနီး၊ အမှတ် ၃၀၂၊ မင်းရဲကျော်စွာလမ်း၊(၂)ရပ်ကွက်၊သမိုင်းနေ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်တင်ညွန့်၊ ဒေါ်ခင်ရွှေ၊ ဒေါ်အေးသိန်း၊ ဦးကံထွန်း(ဘဏ္ဍာရေးမှူး)တို့၏မိခင်သည် ၉-၂-၂၀၀၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ကန်**
**ဒါယိကာမကြီး**
## ဒေါ်အေးကြွယ်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ (ဦးစံဖေ-ဒေါ်မေ)တို့၏သမီး၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ရွာမအရှေ့ရပ်ကွက်၊ဒေါနလမ်း၊ အမှတ် ၅နေ (ဦးတင်မောင်)၏ဇနီး၊ ဦးသွင်မောင်မောင်-ဒေါ်အမာကြည်တင်တို့၏မိခင်၊ ဦးသန်းစိုး (2nd Mate Tide Water Co., Ltd.)-ဒေါ်မေနီလာသွင်၊ဒေါ်မေသီတာသွင်(အကောက်ခွန်)၊ ဦးကျော်စွာသွင်(UNI Asia Co.,Ltd.)၊ မောင်သာယာလင်းထက် [Grade III-A၊ အမက(၁)ဗဟို၊ အင်းစိန်]တို့၏အဘွားသည်၉-၂-၂၀၀၆ရက်(ကြာသပတေးနေ့)ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊**
**ရေကန်ဒါယကာ**
## ဦးအောင်ကြီး (ခရမ်းမြို့)
**မော်ကွန်းဝင်ဒုတိယဆင့်**
**စက်မှု(၁)အထည်အလိပ်လုပ်ငန်း(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ ချစ်ရပ်ရှင်ရုံပိုင်ရှင်(ဦးဘချစ်-ဒေါ်တင်)တို့၏သား၊ တောင်ငူမြို့နေ (ဦးကီဖွန်း-ဒေါ်နှင်း)တို့၏သားသမက်၊ (ဦးထွန်းဝင်း-ဒေါ်ခင်ရီ)တို့၏ညီ/မောင်၊ ဒေါ်ရင်မေ-(ဦးခင်စော)၊ ဒေါ်တင်ရွှေ၊ ဒေါ်ခင်မြ-ဦးအောင်သန်း၊ (ဦးအောင်သိန်း)-ဒေါ်လှလှ၊ (ဒေါက်တာသန်းတူ-ဒေါ်ခင်စိုးစိန်)၊ ဒေါ်စန်းရီ-ဗိုလ်မှူးလှဘော်၊ (ဦးကြည်)-ဒေါ်တင်နု၊ ဒေါ်လှကြည် (သစ်လုပ်ငန်း)တို့၏အစ်ကို၊ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁လမ်း၊ အမှတ် ၈၃၁နေ (ဒေါ်ကြင်စိန်၊ လူထုပညာရေးမှူး)၏ခင်ပွန်းသည် အာရှတော်ဝင်ဆေးခန်း၌ ၈-၂-၂၀၀၆ရက် ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ**
## ဦးသိန်းဟန်(ခ)
## လင်အင်စင်း(ခ)ဦးဂုဏ်စိန်
**(ရွှေငါးဒန်သတ္တုလုပ်ငန်း၊**
**အောင်မေတ္တာကုန်စုံဆိုင်)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၁၅၆နေ (ဦးဖိုးချို-ဒေါ်နီ)တို့၏သား၊ (ဦးခေဝမ်း-ဒေါ်ကြော့)တို့၏သားသမက်၊ ဒေါ်ခင်တင့်(ခ)ဒေါ်ရှုဝှါ၏ခင်ပွန်း၊ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန်၊ ဒေါ်အေးအေးစန်း-ဦးကြည်ဝင်း၊ ဒေါ်အေးအေးသင်း-ဦးဝင်းမောင်၊ ဦးခင်ဝင်း-ဒေါ်သန်းသန်း၊ ဦးကျော်စိုး-ဒေါ်တင်တင်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်တင့်-ဒေါ်သက်သက်ခိုင်၊ (ဒေါ်အေးအေးစိန်)-ဦးအေးသိန်း၊ ဦးကျော်သိန်း-ဒေါက်တာခင်စန်းလွင်၊ ဦးဝင်းစိန်-ဒေါ်ဌေးဌေးဝင်းတို့၏ဖခင်၊ မြေး ၂၇ယောက်တို့၏အဘိုးသည် ၉-၂-၂၀၀၆ရက် (ကြာသပတေးနေ့) နံနက် ၃း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၆ရက်(စနေနေ့)နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ သာသန
**ဦးစီးပဓာနနာယက ဩဝါဒါစရိယ၊**
**ကျေးရွာသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်**
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၆)ဝါ**

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ကုလားကျေးရွာ၊ လေသာမြိုင်ကျောင်းတိုက် ဦးစီးပဓာနနာယက ကိုးနဝင်းဘုရားကျောင်းဩဝါဒါစရိယ ကျေးရွာသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသာသန ဆရာတော်ကြီးသည် ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၂ ရက် (၃၀-၁-၂၀၀၆ရက်) တနင်္လာနေ့ ည ၁၁း၃၀နာရီတွင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (၂၅-၂-၂၀၀၆ရက်) စနေနေ့ မွန်းလွဲ ၂နာရီတွင် အလယ်ရွာသုသာန်ပြာသာဒ်၌ အန္တိမစျာပနပူဇာသဘင် ဆင်ယင်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ၊မွန်ပြည်နယ်၊သထုံမြို့။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ
**သာသနဓဇ သိရီပဝရဓမ္မာစရိယ**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်**
**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကုတို့ကုန်းကျေးရွာ၊ မိုးလ်ကောင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသသည် ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၁၀ရက် (၇-၂-၂၀၀၆ရက်) အင်္ဂါနေ့ ညနေ ၃း၁၅နာရီတွင် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ပုညမဠူကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (၁၄-၂-၂၀၀၆ရက်) အင်္ဂါနေ့တွင် အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသံဃာများနှင့်တပည့်ဒါယကာ၊ ဒါယိကာမများအားအကြောင်းကြားအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ၊အိုးဘိုတောင်ရပ်၊မုံရွာမြို့။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဦးဝါယမ (မြိုင်)
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၄၂)ဝါ**

မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဝက်ကျုံးရွာအရှေ့ကျောင်း ပဓာနနာယကဆရာတော် ဦးဝါယမသည် ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၇ရက် (၄-၂-၂၀၀၆ရက်) စနေနေ့ ည ၈း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက် (၂၄-၂-၂၀၀၆ရက်) သောကြာနေ့တွင် ယာယီစံကျောင်းမဏ္ဍပ်တော်သို့ ပင့်ဆောင်ပြီး ၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်(၂၅-၂-၂၀၀၆ရက်) စနေနေ့တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဒါယကာ၊ဒါယိကာမများ၊ဝက်ကျုံးရွာ။

## ဒေါ်ကြွယ် (ဝါးခယ်မ၊ ထီးပနန်း)
**အသက်(၇၇)နှစ်**

ဝါးခယ်မမြို့နယ်၊ ထီးပနန်းကျေးရွာနေ (ဦးဖိုးကျောင်း-ဒေါ်အုံမေ)တို့၏သမီး၊ အမှတ် ၂၆၊ ဗြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးစွိစိန်၏ဇနီး၊ ဦးမျိုးကျော်၊ ဒေါ်သန်းဌေး၊ဒေါ်ရင်ရင်ပြုံး၊ဦးစုံထွန်း၊(ဦးစုံဝှါး)၊ ဦးအောင်သိန်း(ခ)ဦးစုံဝှတ်၊ ဦးစုံတိတ်-ဒေါ်မာမာထွန်း၊ ဒေါ်ရင်ရင်မြင့်၊ (ကိုတင်စိုး)တို့၏မိခင်သည် ၉-၂-၂၀၀၆ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ရဲအုပ်ဖုန်းကျော်
**(စည်ပင်သာယာရဲတပ်ဖွဲ့)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ဝင်း၊ တိုက်အမှတ်၂၊ အခန်း ၅၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးကျော်စိန်)-ဒေါ်စန်းလုံတို့၏ သား၊ ဒေါ်နွဲ့နွဲ့ရီ၏ခင်ပွန်း၊ မောင်ရန်မျိုးကျော်-မခင်သန္တာဝင်း၊စိုးအာကာကျော်၊ မအိန္ဒြာကျော်ထွေးတို့၏ဖခင်၊ မောင်ထက်ဝေယံကျော်၏အဘိုးသည်၁၀-၂-၂၀၀၆ရက် နံနက် ၁း၁၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးစိန်ဝင်းအောင်
**2nd Eng (M.T.M Shipping)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၁၆နေ (ဦးအုံသွယ်-ဒေါ်စိမ်းလှ)တို့၏ မြေး၊ (ဦးလှထွန်း)-ဒေါ်သန်းမြတို့၏ သားကြီး၊ ဗိုလ်မှူးချိုဝင်း-ဒေါ်စန်းစန်းရီ၊ (ဦးမျိုးဦး)-ဒေါ်မြင့်မြင့်ရီတို့၏ မောင်၊ ဦးစိန်ဝင်းမောင်(2/E, Gewin Co.,)-ဒေါ်တင်တင်ဝင်း၊ဦးတင်မောင်မြင့်(2/E, Uniteam Co.,)-ဒေါ်စီစီမာ၊ ဦးဝင်းမော်(3/E, Gewin Co.,)-ဒေါ်အေးအေးမာ၊ ဒေါ်ရီရီမာ၊ ဦးမိုးသန်းထွန်း(C/O, East-wind Co.,) - ဒေါ်သီသီလှိုင်တို့၏အစ်ကိုကြီးသည် ၆-၂-၂၀၀၆ရက်နံနက် ၃း၁၈နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း**
**ဒါယိကာမကြီး**
## ဒေါ်သန်းတင် (မိုးကုတ်)
**အသက်(၈၅)နှစ်**

မိုးကုတ်မြို့၊ မြို့လယ်ရပ်နေ ဦးဘသောင်း၊ ဦးလှမောင်-ဒေါ်နီ၊ လားရှိုးမြို့နေ ဦးထွန်းလှိုင်၊ မိုးကုတ်မြို့၊ မင်းတံတားရပ်နေ ဦးနေဝင်း-ဒေါ်ထွေးကြည်တို့၏အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးမြတ်သွင်-ဒေါ်ခင်လှ၊ မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ ဦးမျိုးနိုင်-ဒေါ်ခင်စန်းလွင် (အထက-၁)တို့၏မိခင်၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း၊ ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းနေ ဦးကျော်သိန်း-မခက်ခက်ခိုင်၊ မမိုးမိုးမြတ်၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာနေ ကိုဝင်းနိုင်-မနှင်းလဲ့ကြည်ပြာ၊ မြေး၊ မြစ် ၅၀ကျော်တို့၏အဘွားသည် ၁၀-၂-၂၀၀၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် စော်ဘွားကြီးကုန်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၆ရက် (တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(စော်ဘွားကြီးကုန်းဝင်း အဆောင် ၉၄၊အခန်း ၃ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်မူမူအောင်
**B.Sc (Chem)**
**(အလက-၂၊ ဗဟန်း)**
**အသက်(၄၁)နှစ်**

အမှတ် ၃၇၄၊ ကောလိယ ၃၂လမ်း၊ (၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊(ဦးအောင်မြ၊ စား/ထွေ၊ ငြိမ်း)-ဒေါ်ခင်သိန်းတို့၏သမီး၊ ဦးမြင့်အောင်(A/B) ဒေါ်မြင့်မြင့်အေး၊ ဦးအောင်မြင့်သွင်တို့၏ညီမ၊ ဦးသင်းနိုင်၊ ဒေါ်ဖြူဖြူခိုင်(လ/ထကထိက၊ မကွေးဆေးတက္ကသိုလ်)၊(မောင်ထွန်းထွန်းနိုင်)၊ မောင်ကျော်ဇေယျတို့၏ အစ်မသည် ၉-၂-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488**

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ ဒုတိယသမ္မတ မစ္စတာ ပါဗစ်၊ ဒါဗိုးဒီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူ ပူဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ဂုနာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည့်ညို၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးသည်။

**တက်ရောက်ကြည့်ညို**

ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ *စာမျက်နှာ ၆ ကော်လံ ၁* ☆

**စိန်ဖူးတော်တင်လှူ ပူဇော်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စိန်ဖူးတော်ကို မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အထွတ်၌ တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

## မြန်မာ့အလင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆို

**အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု**

❑ တိုင်း ရင်း သားအပေါင်းတို့သည် အရေးကြုံသည့်အခါ သွေးချင်းဆုံ၍ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်သွေးတစ်သား တစည်းတလုံး တညီတညွတ်တည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူ တိုက်ပွဲဝင်ခဲ့ကြသောကြောင့် “မြန်မာ့လွတ်လပ်ရေး”ကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်။

တက္ကသိုလ်တင်ခ၏ ထာဝစဉ်ထိန်းသိမ်းအပ်သော ပြည်ထောင်စုစိတ်ဓာတ် ဆောင်းပါး (စာ - ၈)

❑ စစ်မှန်သော မျိုးချစ်စိတ်

တက္ကသိုလ်ညိုမြင့်မောင်၏ ကဗျာ (စာ - ၉)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချင်းပြည်နယ်

သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)

# ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲ တည်ခင်းရေးစီစဉ်ထားမှုနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ ဝတ်စုံပြည့်အစမ်းကပြမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိမှုများနှင့် ညစာစားပွဲတွင်တင်ဆက်မည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့်အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ အလုံလမ်းရှိ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားကျင်းပမည့် သမ္မတအိမ်တော်ဝင်းအတွင်းသို့ရောက်ရှိရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ *စာမျက်နှာ ၃ ကော်လံ ၁* ■